# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၆၈)

**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား

# ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများအနေဖြင့် မိမိတို့တတ်စွမ်းသည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား လိုအပ်သည်များကို မှာကြားနိုင်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့်မြို့ဖြစ်ပြီး တောင်လေ့ကားမြို့၊ ပန်းမြို့တော်၊ ချယ်ရီမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြကြောင်း၊ ခေတ်အဆက်ဆက်တာဝန်ရှိသူများ အနေဖြင့်လည်း မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ မာတိကာ**

**အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်ဆီသို့ ရွက်လွှင့်ချီတက် ခရီးဆက်မည့် မြန်မာ့ရွက်လှေအားကစား**

ဆောင်းပါး | စာ ၆



**ဗီယက်နမ်နိုင်ငံ၌ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ဘီလီယံ ၈၄၀ ခန့်ရှိ**

နိုင်ငံတကာသတင်း | စာ ၂၀

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ *ရှေ့ဖုံးမှ*

အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ အောင်မြင်မှုများရှိခဲ့သကဲ့သို့ အားနည်းချက်များလည်း ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ကော်ဖီစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများအသုံးချမှုကို စည်းကမ်းနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် အားနည်းချက်များကြောင့် ကော်ဖီစိုက်ပျိုးမှုများမှာ ထိုက်သင့်သလောက် တိုးတက်မှုမရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ပြည်ပဈေးကွက်ဝင်ကော်ဖီအမျိုးအစားတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသည်မှာ မိမိတို့အလုပ်လုပ်ရန် လိုအပ်နေမှုကို ပြသခြင်းပင်ဖြစ်ကြောင်း။

**ပန်းမြို့တော်**နှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့သည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ပြီး မေမြို့ပန်း၊ ဂန္ဓမာပန်းနှင့် သစ္စာပန်းများအပါအဝင် အခြားပန်းမျိုးများစွာ စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ပန်းပြပွဲများ၊ ပန်းပွဲတော်များ ကျင်းပပြုလုပ်နေရုံဖြင့် မလုံလောက်ဘဲ ဒေသမှထွက်ရှိသည့်ပန်းမျိုးများကို ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ချိနိုင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ သစ်သီးဝလံများနှင့် ပတ်သက်၍လည်း စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်သဖြင့် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ အရင်းအမြစ်ကောင်းများကို အကျိုးရှိရှိအသုံးချနိုင်ရန် လိုကြောင်း။

**ပညာရေးမြို့တော်**နှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့သည် အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာပြီး အေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ များစွာဖွင့်လှစ်သင်ကြားလျက်ရှိသည်ကိုလည်းတွေ့ရှိရပြီး ပုဂ္ဂလိကကျောင်းများအနေဖြင့် အောင်ချက်ကောင်းရုံသာ ဦးတည်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ဘဲ ကျောင်းသားကျောင်းသူများအား အမှန်တကယ် ပညာတတ်မြောက်အောင်သင်ကြားပေးသည့် ကျောင်းများဖြစ်စေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုဘဲ စည်းကမ်းစနစ်တကျဖြင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို အထောက်အပံ့ကောင်းများဖြစ်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်တစ်ဝိုက်၌ အဆင့်မြင့်တက္ကသိုလ်များရှိနေခြင်းသည် ပညာရေးမြို့တော်အဖြစ်ဆောင်ရွက်ရေး အခြေခံကောင်းတစ်ခုပင် ဖြစ်ကြောင်း။

**ကျန်းမာရေးမြို့တော်**ဖြစ်စေရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် သာယာအေးမြပြီး စိမ်းလန်းစိုပြည်သည့်ရာသီဥတုရှိပြီး အပန်းဖြေအနားယူရန် ကောင်းမွန်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် မြို့တော်ဖြစ်စေရေးအတွက်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာပေးနိုင်သည့် ခေတ်မီဆေးရုံကြီးများ ဖြစ်ပေါ်လာရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှစဉ်းစား၍ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများ အနေဖြင့်လည်း မိမိတို့ဒေသ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥစ္စာရင်းလို၊ ဥစ္စာရင်းခဲဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကြီးကို အဆင့်မီစွာ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့ မြို့မဈေးကြီးကိုလည်း မြို့ပြအဆင့်မီစွာဖြင့် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်ဘူတာကြီးအနီး၌လည်း မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်သို့ လာရောက်လည်ပတ်သည့်ခရီးသွားများ အဆင်ပြေစွာ တည်းခိုနိုင်ရေး တည်းခိုသည့်နေရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားသော မြို့ပြအဆင့်မြှင့်တင်မှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများအနေဖြင့်လည်း မိမိတို့တတ်စွမ်းသည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**❑ မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် သုမင်္ဂလာအဆင့်မြင့် ဈေးသစ်ကြီးကို အဆင့်မီစွာ ဖွင့်လှစ်ပေးနိုင်တော့မည်**

**❑ အလားတူ ပြင်ဦးလွင်မြို့ မြို့မဈေးကြီးကိုလည်း မြို့ပြအဆင့်မီစွာဖြင့် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်ဘူတာကြီးအနီး၌လည်း မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်**

**❑ ပြင်ဦးလွင်သို့ လာရောက်လည်ပတ်သည့်ခရီးသွားများ အဆင်ပြေစွာ တည်းခိုနိုင်ရေး တည်းခိုသည့်နေရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်**

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး**

နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရသည့် ကာလအတွင်း နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများစသည့် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများ၊ မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက်မိမိတို့အနေဖြင့်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများအားလုံးကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်း သုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပထမပိုင်းပြုလုပ်ပြီး နှစ်ပတ်ကြာချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ဒုတိယပိုင်းကျင်းပပြီး နှစ်ပတ်ကြာချိန်တွင် တတိယပိုင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုံခြုံရေးပိုင်းဆိုင်ရာများအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်အထမြောက်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြရန်လိုကြောင်း၊ ဆန္ဒမဲများပေးရာတွင် **တိုင်းပြည်နှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန်လို**ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ လုပ်ဆောင်၍ မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မဲစာရင်းများကို ထုတ်ပြန်လျက်ရှိပြီး နှစ်ကြိမ်ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ တတိယအကြိမ် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မဲစာရင်းပါရှိသူများအားလုံး လွတ်လပ်စွာဖြင့် လုံခြုံစွာ မဲပေးနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**တပ်မတော်ပိုင်းဆိုင်ရာ**

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သော်လည်း ခေတ်အဆက်ဆက်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးအခန်းကဏ္ဍတွင်လည်း ပါဝင်နေရခြင်းဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အတူတကွ ပူးပေါင်း၍ တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အား အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ ရဲစွမ်းသတ္တိရှိစေရေး၊ စစ်လက်နက်နှင့် စစ်နည်းဗျူဟာများ ကျွမ်းကျင်မှုရှိစေရေး "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒချမှတ်၍ ဆောင်ရွက်စေလျက်ရှိကြောင်း၊ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ စစ်သည်တိုင်းတစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံး၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပါအဝင် ရသင့်ရထိုက်သည့် ခံစားခွင့်များ အားလုံးရရှိစေရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

❑ **တိုင်းပြည်နှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေး သုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေး အမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အမြင်ရှိသူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန်လို**

❑ **ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း အားပေး ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိ သည့်လုပ်ငန်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် အတတ်ပညာများလိုအပ်**

အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီ အသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှု အားပေးဆောင်ရွက်ကြရန်လိုအပ်မှု**

ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ပတ်သက်၍ ယခင်ကတည်းက မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုနည်းပါးပြီး သယံဇာတပစ္စည်းများကို ရောင်းချ၍ နိုင်ငံတော်အတွက် လိုအပ်သည့် ငွေကြေးများကို ရယူသုံးစွဲခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ စာရင်းအရ ကွာခြားချက်များရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများလည်းထွက်ရှိပြီး ပြည်တွင်းဆီဖူလုံမှုရှိစေရေး ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာ ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံခြားငွေများရရှိကာ ကုန်သွယ်မှုပိုငွေများ ရရှိမည်ဖြစ်ကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင် နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလိုငွေများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဖွဲ့စည်းပြီးချိန်တွင် **"နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"**၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"**၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့"** ဟူသည့်ဆောင်ပုဒ်များကိုချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ပြီး အတတ်ပညာရှိရန်အတွက် အတန်းပညာများမြင့်မားရန် လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေမှု**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ခေတ်အဆက်ဆက်သမိုင်းကြောင်းများအရ ပါဝင်ခဲ့ရကြောင်း၊ သမိုင်းကြောင်းအရ၊ ဖြစ်ပေါ်နေသည့်အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်များ ထွန်းကားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ မရှိသည့်အချိန်တွင် တပ်မတော်အနေဖြင့် လွှတ်တော်တွင်ပါဝင်နေမှုကို အဆင့်ဆင့်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရခြင်းကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

**တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ခံစားခွင့်များနှင့် ရသင့်ရထိုက်သည်များအား ပြည့်ဝစွာရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

တပ်မတော်သားများ၏ ခံစားခွင့်များနှင့် ပတ်သက်၍ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်တွင် ပါရဂူဘွဲ့များနှင့် မဟာဘွဲ့ရရှိသူများအား ခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် အခြားဌာနများရှိ တာဝန်ထမ်းဆောင်နေသူများကို သက်ဆိုင်ရာပညာရပ်များအလိုက် ခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ သက်စွန့်ဆံဖျားစရိတ်ကို မြှင့်တင်ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခဲ့ကြောင်း၊ တပ်မတော်သားများ၏ စားရေရိက္ခာများ ပြည့်ဝစွာရရှိရေး၊ နေထိုင်မှုနှင့် ဝတ်ဆင်မှုများ အဆင့်မီ ကောင်းမွန်စေရေးတို့အတွက်ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တပ်မတော်သားများ၏ ပညာရည်မြှင့်တင်ရေးပိုင်းဆိုင်ရာများ**

တပ်မတော်သားများ၏ ပညာရည်မြှင့်တင်ရေး ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ပညာဆိုသည်မှာ သင်ကြားနေရုံဖြင့်မပြီးဘဲ မိမိတို့အတွက် ဗဟုသုတ အသိဉာဏ်ပညာများကို ရရှိစေနိုင်သည့် သုတ၊ ရသ စာအုပ်စာစောင်များကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာခြင်း၊ မှတ်သားခြင်း၊ လက်တွေ့အသုံးချခြင်း၊ အခြားသောသူများကို မျှဝေခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက်လည်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်သားသမီးများအား ပညာရည်မြှင့်တင်ရေးအတွက် ခေတ်အဆက်ဆက် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထူးချွန်သည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိသကဲ့သို့ အခြားသော ချီးမြှင့်ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံးအနေဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို မိမိတို့ တတ်စွမ်းသည့် အခန်းကဏ္ဍမှ ပါဝင်အားဖြည့် ဆောင်ရွက်၍ နိုင်ငံတော်နှင့် တပ်မတော်မှ အားကိုးအားထားရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ (၁၈)ကြိမ်မြောက် ပန်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၆**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ (၁၈)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ထူးကုမ္ပဏီများ အုပ်စုမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ သမိုင်းအစဉ်အလာကို တန်ဖိုးထားဂုဏ်ယူနိုင်စေရန်၊ ရုက္ခဗေဒပညာရပ်၏ အရေးပါမှုနှင့် အကျိုးပြုမှုတို့ကို ပိုမိုသိရှိတန်ဖိုးထားတတ်လာစေရန်၊ ပြည်သူအများ ဗဟုသုတတိုးပွားပြီး စိတ်ကြည်နူးစွာ အပန်းဖြေနိုင်စေရန်နှင့် ဒေသလူမှုစီးပွားနှင့် ခရီးသွားလုပ်ငန်းကဏ္ဍကိုအထောက်အကူပြုနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပန်းပွဲတော်ကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ၁၉၂၄ ခုနှစ်မှာ "မေမြို့ ရုက္ခဗေဒ ဥယျာဉ်ကြိုးဝိုင်း"အဖြစ် သတ်မှတ်ကြေညာ တည်ထောင်ခဲ့သည့် "အမျိုးသားကန်တော်ကြီး ဥယျာဉ်" မှာ ယခင်နှစ် ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီး ရာပြည့်ပွဲ အခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အထိမ်းအမှတ် (Landmark) တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်နှင့် ဥယျာဉ်၌ နှစ်စဉ်ကျင်းပလျက်ရှိသည့် ပန်းပွဲတော်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသလူမှု စီးပွားရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည့်အတွက် နှစ် ၁၀၀ ကျော် တိုင်ခဲ့ပြီဖြစ်သော အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ သမိုင်းအစဉ်အလာကို ဂုဏ်ယူ၍ လက်ဆင့်ကမ်း တန်ဖိုးထား ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ထူးကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူတို့က အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ (၁၈)ကြိမ်မြောက် ပန်းပွဲတော် စွဲမက်ဖွယ်ရာ ပန်းခင်းကမ္ဘာ (Immersive Flowers Festival) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းပွဲတော်အဖွင့် မြန်မာ့ဆိုင်းဝိုင်းနှင့် သစ္စာဓိရာဇ် ဖျော်ဖြေရေးအဖွဲ့တို့ တွဲဖက်၍ နိုင်ငံကျော်တေးသံရှင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်သည့် အဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ပြကွက်များအလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှု၊ လာရောက်အပန်းဖြေ အနားယူနေကြမှုတို့ကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်းနှင့် (၁၈)ကြိမ်မြောက် ပန်းပွဲတော်အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပန်းပွဲတော်အပါအဝင် ပြင်ဦးလွင်မြို့ရှိ အပန်းဖြေစခန်းများနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၂၁

ရက်

သာ လိုတော့သည်။

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ "၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ" ကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။



စုပေါင်း လမ်းလျှောက်ပွဲသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ နှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း အင်အား ၄၀၀၀ နီးပါးခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ခရာမှုတ်၍ ဖွင့်လှစ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင် ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ/ အဆောင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် လျာထားချက်အတိုင်း လုပ်ငန်းများပြီးစီးနိုင်ရေး အင်တိုက်အားတိုက် ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ရာတွင်လည်း အရည်အသွေးစံချိန်စံညွှန်း ပြည့်မီပြီး ငလျင်ဒဏ်ခံနိုင်အောင် အလေးထားဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ မိမိတို့နေထိုင်ရာ မူလနေရာများတွင် အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေးအတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောလျင်စွာ ပြီးစီးနိုင်ရေး အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပျဉ်းမနားပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံဝင်းအတွင်း၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင် နေရာချထားမှုနှင့် လက်ရှိနေထိုင်နေမှု အခြေအနေ၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးများ သွယ်တန်းထားရှိမှုနှင့် သွားလာမှု အဆင်ပြေစေရေး အဝင်/အထွက်လမ်းများ ဖောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေတို့ကို



လှည့်လည် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျနေထိုင်သွားရန်နှင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးသည် ကျောက်မဲခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မြို့နယ်စည်ပင်ခန်းမ၌ နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ ပါဝင်သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဆွေးနွေး ညှိနှိုင်းသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံနှင့် အစည်းအဝေးသို့ တက်ရောက်လာသူ တာဝန်ရှိသူများသည် နောင်ချိုမြို့နယ်မှ ဘူတာရပ်ကွက်နှင့် တောင်ရပ်ကွက်တို့တွင် ဒုတိယအကြိမ် မဲစာရင်း ကပ်ထား ကြေညာမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြု စေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

# အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်ဆီသို့ ရွက်လွှင့်ချီတက် ခရီးဆက်မည့် မြန်မာ့ရွက်လှေအားကစား

**၄၇ ပေအရှည်ရှိ ရွက်လှေကြီးပေါ်တွင် နိုင်ငံကိုယ်စားပြု မြန်မာရွက်လှေအားကစားသမားများက Keelboat SSL 47 Class ပြိုင်ပွဲအတွက် နိုင်ငံ့ဂုဏ်ကို ဆောင်ကြဉ်းပေးနိုင်ရေး ထိုင်းပင်လယ်ပြင်၌ ပြိုင်ဘက်နိုင်ငံအသင်းများနှင့်အတူ အစွမ်းကုန် ကြိုးစားလေ့ကျင့်နေကြသည်။**

**သီသီမင်း၊ မင်းသစ်**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်၊ Chonburi နှင့် Songkhla ဒေသများ၌ ကျင်းပမည်ဖြစ်သည်။ ယခုအားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အားကစားနည်း ၅၄ မျိုး၌ ရွက်လှေအားကစားနည်းအပါအဝင် မြန်မာနိုင်ငံက အားကစားနည်း ၃၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ရွက်လှေအားကစားနည်း Event ၁၄ မျိုးအနက် ILCA 4 (Boys) နှင့် ILCA 7 (Men)တွင် နှစ်ဦး၊ Optimist (Boys) နှင့် Optimist (Girls) တွင် နှစ်ဦး၊ Keelboat SSL 47 Class တွင် ၁၀ ဦးနှင့် အရန်နှစ်ဦး၊ အုပ်ချုပ်သူ နှစ်ဦးဖြင့် Event ငါးမျိုးအတွက် စုစုပေါင်း ၁၈ ဦးနှင့် နည်းပြ သုံးဦးတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ထိုင်းနိုင်ငံ ပတ္တရားကမ်းခြေ၏ ပင်လယ်ရေပြာပြာထက်တွင် မြန်မာနိုင်ငံအလံ ရွက်လွှင့်ထားသော Keelboat SSL 47 Class ရွက်လှေတစ်စင်းက လှိုင်း၊ လေတို့ကို ခုန်ကျော်လွှားကာ ရေပြင်နှင့် တစ်သားတည်း ရွက်လွှင့်နေသည်ကို တွေ့ရစဉ်။

ယခုနှစ်ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွက်လှေပြိုင်ပွဲသည် ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းသော ပြိုင်ပွဲတစ်ခုဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ ယခင်ကျင်းပပြီးစီးခဲ့သည့် SEAP/SEA Games ရွက်လှေပြိုင်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှ ထည့်သွင်းကျင်းပခဲ့ခြင်းမရှိခဲ့ဖူးသည့် အားကစားသမား ၁၀ ဦး၊ အရန်နှစ်ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ရသည့် Keelboat SSL 47 Class ကို ထည့်သွင်းကျင်းပခြင်းကြောင့် ဖြစ်ပါသည်။

ပို၍ထူးခြားသည်ကား ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း Chonburi ဒေသရှိ Ocean Marina Resort တွင် ကျင်းပမည့် အဆိုပါ Keelboat SSL47 Class ပြိုင်ပွဲတွင် ထိုင်းဘုရင်၏မိဖုရား Suthida Bajrasudhabimalalakshana ကိုယ်တိုင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယခုနှစ် အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် တရားဝင်ကြေညာထားခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထို့ပြင် မိဖုရားကြီးဦးစီးသည့် SSL Team (Thailand) အသင်းကို ထိုင်းနိုင်ငံ တော်ဝင်ရွက်လှေအဖွဲ့သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကာ ၎င်းတို့အနက် အချို့မှာ ယခင်က Dinghy Class အိုလံပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ပြီး ယခုအခါ Keelboat ပြိုင်ပွဲကို ခြေလှမ်းတိုးမြှင့်လာခြင်းပင် ဖြစ်သည်။

အတိတ်သမိုင်းကိုကြည့်လျှင် ၁၉၆၇ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (4th SEAP Games 1967)တွင် တော်ဝင်ရွက်လှေကို ကိုယ်တိုင်ဒီဇိုင်း ပြုလုပ်တည်ဆောက်ကာ ထိုင်းဘုရင်မင်းမြတ် Bhumibol Adulyadej ကိုယ်တိုင် ဦးစီးပဲ့ကိုင် ယှဉ်ပြိုင်ခဲ့ပါသည်။ ယင်းပြိုင်ပွဲတွင် ထိုင်းဘုရင်က ရွှေတံဆိပ်ရရှိခဲ့ပြီး ထိုဒီဇင်ဘာလ ၁၆ ရက်နေ့ကို အစွဲပြု၍ ထိုင်းနိုင်ငံ၏ အမျိုးသားအားကစားနေ့ (National Sports Day)အဖြစ် ၁၉၈၆ ခုနှစ်တွင် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ထိုင်းတော်ဝင်မိသားစုအပါအဝင် ထိုင်းလူမျိုးများက ရွက်လှေပြိုင်ပွဲနှင့်ပတ်သက်၍ အထူးအလေးထားကြောင်း သက်သေပြလျက်ရှိပါသည်။




၁၉၆၇ ခုနှစ် 4th SEAP Games ရွက်လှေပြိုင်ပွဲဆုပေးပွဲတွင် တတိယဆုရ ကိုရန်ကင်း (မြန်မာ) အား ထိုင်းဘုရင် Bhumibol နှင့်အတူ အောင်ပွဲခံစင်မြင့်ထက်၌ တွေ့မြင်ရစဉ်။

ထိုသို့ ဘုရင်ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် (4th SEAP Games 1967) အားကစားပြိုင်ပွဲကြီးတွင် ရွက်လှေအားကစားနည်းဖြင့် ပထမဆုဆွတ်ခူးခဲ့သော ထိုင်းဘုရင်နှင့်အတူ မြန်မာရွက်လှေအဖွဲ့ချုပ်နှင့် သက်တမ်းရာပြည့်ခဲ့ပြီဖြစ်သော ရန်ကုန်ရွက်လှေအသင်းဝင်များအတွက် ကိုရန်ကင်းက OK Dinghy Class ဆုပေးပွဲအောင်ပွဲခံ စင်မြင့်ထက်တွင် တတိယဆု တက်ရောက်ယူခဲ့စဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံတစ်ပုံကလည်း မြန်မာ့ရွက်လှေအားကစား၏ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် သမိုင်းမှတ်တမ်း တင်ကျန်၍ နေပါသည်။

ယခုအခါ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည့် Keelboat SSL 47 အတန်းအစား ရွက်လှေပြိုင်ပွဲတွင် ထိုင်းဘုရင့်မိဖုရားကိုယ်တိုင်ဦးစီးမည့် အိမ်ရှင်နိုင်ငံ ထိုင်းတော်ဝင်ရွက်လှေအသင်းနှင့်အတူ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင် စသည့် ညီနောင်နိုင်ငံအသင်းများနှင့် ယှဉ်ပြိုင်ရမည့် မြန်မာ Keelboat SSL 47 အသင်းသားများ၏ စွမ်းရည်များကို ရင်ခုန်ဖွယ် စောင့်ကြည့်ရမည်ဖြစ်ပါသည်။



ပြိုင်ပွဲဝင်မည့် Keelboat SSL 47၊ Optimist နှင့် ILCA လှေအမျိုးအစားများ။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်လာသည့် Keelboat SSL 47 ရွက်လှေသည် အပြည်ပြည်ဆိုင်ရာအဆင့် ပြိုင်ပွဲများအတွက် အထူးဒီဇိုင်းထုတ်ထားသည့် ပြိုင်ပွဲဝင်အားကစားသမား ကျား၊ မ ရှစ်ဦးမှ ၁၀ ဦး စီးနင်းလိုက်ပါနိုင်သော ၄၇ ပေရှိ တတိယရွက် Spinnaker ပါသည့် စွမ်းဆောင်ရည်မြင့် ရွက်လှေအမျိုးအစားဖြစ်ပြီး ရွက်တိုင်အမြင့်မှာ ပေ ၇၀ မြင့်သည်။

လှေပေါ်တွင် စီးနင်းမည့်သူများ၏ သတ်မှတ်ကိုယ်အလေးချိန် စုစုပေါင်းသည် 730 kg မကျော်လွန်ရပါ။ ပြိုင်ပွဲဝင်များသည် One Design (ပုံစံတူပြုလုပ်ထားသည့်) ရွက်လှေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ၏ ကိုယ်ကာယစွမ်းရည်၊ ကျွမ်းကျင်မှု၊ အသင်းအဖွဲ့အလိုက် ပူးပေါင်းလုပ်ဆောင်မှု၊ နည်းဗျူဟာချမှတ်နိုင်မှု၊ အချိန်ကိုက်လုပ်ဆောင်နိုင်မှုတို့ကသာ ပွဲစဉ်အနိုင်၊ အရှုံးကို အဆုံးအဖြတ်ပေးမည်ဖြစ်ပါသည်။

သို့အတွက် Keelboat SSL 47 Class တွင် နိုင်ငံတကာမှ ရွက်လှေအားကစားသမားများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်ရမည့် မြန်မာလက်ရွေးစင် ရွက်လှေအားကစားသမားများ၏ အရည်အချင်းကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က Olympic Medalist မှ The Most Famous Sailor in the Country အထိ မြင့်မားစွာ သတ်မှတ်ရွေးချယ်ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။

မြန်မာ့ရွက်လှေအားကစားသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပထမဆုံး လက်ခံကျင်းပခဲ့သော်လည်း ထိုစဉ်က ရွက်လှေအားကစားနည်း ပါဝင်ခြင်းမရှိခဲ့ပါ။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (2nd Southeast Asian Peninsular Games)တွင် အင်းယားကန်၌ ရွက်လှေအားကစားနည်းကို စတင်ထည့်သွင်းကျင်းပခဲ့သည့်အတွက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ မှတ်တမ်းတစ်လျှောက် ရွက်လှေအားကစားနည်းနှင့်ပတ်သက်၍ ပထမဆုံးဦးဆောင်ကျင်းပသည့် နိုင်ငံဖြစ်ပြီး ယင်းပြိုင်ပွဲတွင် မြန်မာက ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် ယှဉ်ပြိုင်ခဲ့ရာတွင် Half Rater နှင့် Sharpie Class ပြိုင်ပွဲနှစ်မျိုးစလုံး၌ ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သဖြင့် ရွက်လှေအားကစားနည်းနှင့်ပတ်သက်၍ ပထမဆုံး ရွှေတံဆိပ်ဆုရနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။

ထို့ပြင် ၁၉၆၉ ခုနှစ်က ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ဒီဇင်ဘာလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အထိ လက်ခံကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (5th SEAP Games)တွင် ရွက်လှေပြိုင်ပွဲကို ငပလီကမ်းခြေ၌ ထည့်သွင်းကျင်းပခဲ့ပြီး မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့နှင့် ယှဉ်ပြိုင် ကစားရာတွင်လည်း OK Dinghy, Fireball, Enterprise နှင့် Half Rater Class ပြိုင်ပွဲဝင်အမျိုးအစား လေးမျိုးစလုံး

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*
ရွှေတံဆိပ်ဆွတ်ခူးခဲ့၍ မြန်မာတို့၏ ရွက်လှေအားကစား အဆင့်အတန်းမြင့်မားမှုကို ကမ္ဘည်းတင်နိုင်ခဲ့ပါသည်။

အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ SEAP Games ဟုခေါ်ဆိုရာမှ ၁၉၇၇ ခုနှစ်တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံတို့ အဖွဲ့ဝင်ဖြစ်လာပြီး အဖွဲ့ဝင် ၁၀ နိုင်ငံ ပါဝင်သည့် (၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games)အဖြစ် ပြောင်းလဲသတ်မှတ်ပြီး ကျင်းပခဲ့သည့် မျက်မှောက်ခေတ် ရွက်လှေပြိုင်ပွဲများတွင်လည်း စဉ်ဆက်မပြတ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာရွက်လှေအားကစားက ရွှေတံဆိပ်ဆုများ ရယူနိုင်ခဲ့ပါသည်။

ကျင်းပပြီးစီးခဲ့သည့် အရှေ့တောင်အာရှကျွန်းဆွယ်/ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEAP/SEA Games) (၃၂) ကြိမ်အနက် ရွက်လှေအားကစားကို အကြိမ် ၂၀ ထည့်သွင်းကျင်းပခဲ့ရာတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် 32nd SEA Games မှအပ ကျန် ၁၉ ကြိမ်တွင် မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် စင်ကာပူနိုင်ငံ၌ ပြုလုပ်သည့် (17th SEA Games Singapore 1993) နှင့် (28th SEA Games Singapore 2015) တို့တွင် လည်းကောင်း၊ မလေးရှားနိုင်ငံတွင်ပြုလုပ်သည့် (29th SEA Games Malaysia 2017) စသည့်ပြိုင်ပွဲ သုံးကြိမ်တို့မှလွဲ၍ ကျန်ပြိုင်ပွဲ ၁၆ ကြိမ်တွင် နိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ မလွတ်တမ်းရယူနိုင်ခဲ့သည်ချည်းဖြစ်ပါသည်။

ထိုသို့ ၁၆ ကြိမ်တိုင် နိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ရုံမျှမက ၂၀၀၁ ခုနှစ်က မလေးရှားနိုင်ငံ၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ(ငွေဆောင်)တွင် ကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့သည် မြန်မာရွက်လှေအားကစားနည်းအတွက်သာမက မြန်မာ့အားကစားသမိုင်းတွင်ပါ မှတ်ကျောက်တင်ရမည့် ဂုဏ်ယူဖွယ်ရာ ပြိုင်ပွဲများ ဖြစ်ခဲ့ပါသည်။

အကြောင်းမှာ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၌ မြန်မာရွက်လှေအသင်းက ရွက်လှေအားကစားတွင် ထိပ်တန်းအဆင့်ရှိသည့် ရွှေတံဆိပ်ဆု နှစ်ဆုဆွတ်ခူးရယူထားသည့် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကို ကျော်လွှားကာ ရွှေတံဆိပ်ဆု သုံးဆု (International 420 Boys, International 420 Girls နှင့် Laser II Class)ကို ရယူနိုင်ခဲ့သည့်အတွက် ယှဉ်ပြိုင်ဘက် ကမ္ဘာ့အဆင့် ရွက်လှေအင်အားကြီးနိုင်ငံများ၏ အထင်ကြီးလေးစားမှုကို ရယူနိုင်ခဲ့ပြီး ၎င်းတို့၏ အားကစားဆိုင်ရာ မူဝါဒများကိုပင် ပြောင်းလဲပြင်ဆင်ခဲ့ရသည့် အခြေအနေ


မြန်မာ Keelboat SSL 47 Class အသင်းသားများ ထိုင်းပင်လယ်ပြင်၌ လေ့ကျင့်ပြင်ဆင်နေကြစဉ်။

သို့ ဆိုက်ရောက်စေခဲ့ပါသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တတိယအကြိမ် လက်ခံကျင်းပခွင့်ရခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်တို့တွင် လေးနေရာခွဲ၍ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ ကျင်းပသည့် ရွက်လှေအားကစားနည်းတွင် ရွှေ နှစ်၊ ငွေ တစ်၊ ကြေး နှစ် ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် တရားမျှတဂုဏ်သိက္ခာမြင့်မားစွာ လက်ခံကျင်းပပေးနိုင်မှု၊ မြန်မာလူမျိုးတို့၏ ညှေ့ဝတ်ကျေပွန်မှု၊ ရင်းနှီးဖော်ရွေမှုတို့ကို ဖော်ထုတ်ပြသမှုတို့ဖြင့် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ထို့ပြင်ရွက်လှေအားကစားနှင့် ပတ်သက်၍လည်း နိုင်ငံတကာမှ ထင်ရှားသည့် ရွက်လှေအားကစားသမားတာဝန်ရှိသူများ၊ အထင်ကရပုဂ္ဂိုလ်များကပင် ချီးမွမ်းထောမနာပြုခြင်းကို ခံယူခဲ့ရသည်။ ဤအရာသည်ပင် မြန်မာ့ရွက်လှေအားကစားအဆင့်အတန်းမြင့်မားမှုကို ထုတ်ဖော်ပြသနိုင်ခဲ့ပြီး ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ အထင်ကြီးလေးစားမှုနှင့်အတူ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် အပြန်အလှန်ချစ်ခင်လေးစားမှုကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

အထူးသဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်နိုင်ငံဖြစ်သော်လည်း တစ်ဖက်သတ်အခွင့်အရေးမယူဘဲ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်(MYF)၏ ဂန္ထဝင် Rater လှေများကို မဲနှိုက်ရွေးချယ်ယှဉ်ပြိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများက သမာသမတ်ကျနစွာ ဆုံးဖြတ်စေခြင်း၊ ငွေဆောင်၏ သဘာဝကို ထိတွေ့မှုရစေရန် Pre SEA Games ပြိုင်ပွဲကို ရှစ်လခန့် ကြိုတင်မိတ်ဆက်ပေးခြင်း၊ နိုင်ငံတကာရွက်လှေပြိုင်ပွဲများ၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ Host Club (Ngwe Saung Yacht Club) ကို အခက်အခဲများကြားမှ ပြိုင်ပွဲအမီ ပြီးစီးရန် ငွေကျပ်သန်းပေါင်း ၁၅,၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ကျင်းပနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

- **အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစား ပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် အားကစားနည်းမျိုးစုံမှ ပါဝင်ယှဉ်ပြိုင်ကြမည့်သူများက ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြရမည်**
- **ယခုကျင်းပမည့်** 33rd SEA Games **ရွက်လှေပြိုင်ပွဲတွင်လည်း ပထမဆုံး ထည့်သွင်းကျင်းပမည့်** SSL 47 Class **တွင် အိမ်ရှင်ထိုင်းနိုင်ငံက မြန်မာနိုင်ငံကို** SEA Games **ရွက်လှေအားကစား ဦးဆောင်နိုင်ငံအဖြစ် လည်းကောင်း၊ ၎င်းတို့၏ ဘုရင့်မိဖုရားကြီးကိုယ်တိုင် စီးနင်းယှဉ်ပြိုင်မည်ဖြစ်ခြင်းကြောင့် လည်းကောင်း အထူးတလည် ဦးစားပေးဖိတ်ခေါ်ခဲ့ခြင်းဖြစ်**

ထို့အတွက် ငွေဆောင်၌ကျင်းပသည့် 27th SEA Games ရွက်လှေပြိုင်ပွဲအပြီး Vice – President of the International Sailing Federation (ISAF), (IOC) Member နှင့် Singapore Sports Council


Ngwe Saung Yacht Club

Chairman အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Ng Ser Miang က “Especially with the hosting of the SEA Games , and with the great facilities in place will enable Myanmar to host future regional, continental and even global sailing events'' (အထူးသဖြင့် ဆီးဂိမ်းကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းနှင့်အတူ ကြီးကျယ်ခမ်းနားသော အဆောက်အအုံများဖြင့် မြန်မာနိုင်ငံသည် အနာဂတ် ဒေသတွင်း၊ တိုက်ကြီးနှင့် ကမ္ဘာလုံးဆိုင်ရာ ရွက်လွှင့်ပွဲများကိုပင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မည် ဖြစ်သည်)ဟု မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

ရွက်လှေအားကစားနှင့်ပတ်သက်လျှင် မြန်မာ့ရွက်လှေအားကစားအဆင့်အတန်းသည် အဖွဲ့ဝင် ၁၁ နိုင်ငံအနက် အာရှအဆင့်၊ကမ္ဘာ့အဆင့်ထိပ်တန်းရောက်နေသည့် ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများနှင့် တန်းတူရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ဆိုနိုင်ပါသည်။

ယခုကျင်းပမည့် 33rd SEA Games ရွက်လှေပြိုင်ပွဲတွင်လည်း ပထမဆုံးထည့်သွင်း ကျင်းပမည့် SSL 47 Class တွင် အိမ်ရှင်ထိုင်းနိုင်ငံက မြန်မာနိုင်ငံကို SEA Games ရွက်လှေအားကစား ဦးဆောင်နိုင်ငံအဖြစ်လည်းကောင်း၊ ၎င်းတို့၏ ဘုရင့်မိဖုရားကြီးကိုယ်တိုင် စီးနင်းယှဉ်ပြိုင်မည်ဖြစ်ခြင်းကြောင့်လည်းကောင်း အထူးတလည် ဦးစားပေးဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာ့ရွက်လှေအားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအလယ်တွင် ဝင့်ထည်စေရေးအတွက် ဦးဆောင်တာဝန်ယူသူများက စဉ်ဆက်မပြတ်လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ခဲ့ကြရာ၌ ၁၉၅၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ လှေလှော်ရွက်တိုက်အဖွဲ့ချုပ် (Burma Rowing & Yachting Federation) ကို ၁၉၉၁ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း(ရေ)က ဥက္ကဋ္ဌတာဝန်ယူစဉ် ရွက်လှေနှင့် လှေလှော်အားကစားနည်း နှစ်မျိုးစလုံး အရှိန်အဟုန်ဖြင့် မြှင့်တင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီက မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဟူ၍ သီးခြားစီခွဲကာ ဖွဲ့စည်းပေးခဲ့ပါသည်။

ယခု ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအတွက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က အတန်းအစားအလိုက် ယှဉ်ပြိုင်ကြမည့် မြန်မာရွက်လှေအားကစားသမားများကို ပြိုင်ပွဲအတွက် ချမှတ်ထားသည့် အခြေခံမူ စည်းမျဉ်းများအတိုင်း စနစ်တကျရွေးချယ်ခဲ့ပြီး 33rd SEA Games ပြိုင်ပွဲဝင် မြန်မာ့ရွက်လှေအသင်းအနေဖြင့် နှစ်နှစ်ခန့် အချိန်ယူကာ ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။ ၂၀၂၃ ခုနှစ် မတ်လမှစတင်၍ ပြည်တွင်း Ngwe Saung Sea Training လေ့ကျင့်ယှဉ်ပြိုင်လူရွေးပွဲများ၊ Dinghy Sailing Class များအတွက် ပြည်ပပြိုင်ပွဲ ပူးတွဲလေ့ကျင့်မှုများကို ယခု SEA Games မတိုင်မီကာလအထိ စုစုပေါင်း ၁၅ ကြိမ်စေလွှတ်ခဲ့ပြီး Keelboat လေ့ကျင့်မှုကို သတ်မှတ်ကာလအတိုင်း လေ့ကျင့်ယှဉ်ပြိုင်မှုအပါအဝင် လက်ရှိအချိန်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ လေးသိန်းကျော်ကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌက အကုန်အကျခံ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရပါသည်။

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ အစီအစဉ်တို့ဖြင့် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း ထိုင်းနိုင်ငံရှိ သတ်မှတ်ပင်လယ်ပြင်ဧရိယာတို့၌ ကျင်းပတော့မည့် ရွက်လှေအားကစားနည်း ပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ကို ဆောင်နိုင်ရေး ကိုယ်စွမ်းရှိသမျှ ယှဉ်ပြိုင်ကြတော့မည်ဖြစ်ပါသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် အားကစားနည်းမျိုးစုံမှ ပါဝင်ယှဉ်ပြိုင်ကြမည့်သူများက ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပထမဆုံးအကြိမ် ထူးခြားစွာပါဝင်လာသည့် Keelboat ပြိုင်ပွဲအတွက် ထိုင်းပင်လယ်ပြင် လှိုင်းလေများအကြား လေ့ကျင့်လှုပ်ရှားရွက်လွှင့်နေသည့် Myanmar Team(SSL 47) နှင့်အတူ ကျန် Event လေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာရွက်လှေအားကစားသမားများက SEA Games Thailand 2025 တွင် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရုံသာမက ရရှိလာခဲ့သည့်အတွေ့အကြုံကောင်းများကို ဘာရာဇီးနိုင်ငံ၌ ကျင်းပမည့် (SSL Gold Cup 2026) သို့ ဆက်လက်သယ်ဆောင်သွားနိုင်ပါစေကြောင်းနှင့် မြန်မာ့ရွက်လှေအားကစားက အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်ဆီသို့ ရွက်လွှင့်ချီတက်ခရီးဆက်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

အပိုင်း ( ၁ )

| စဉ် | မြို့နယ် | | ရပ်ကွက်/ကျေးရွာအုပ်စု |
|---|---|---|---|
| ၅။ | စစ်ကိုင်း မြို့နယ် | ၁၆။ | တဲကြီးအရှေ့တာကျေးရွာအုပ်စု၊ |
| | | ၁၇။ | ဇီးချောင်းကျေးရွာအုပ်စု၊ |
| | | ၁၈။ | ဒေါင်းမကျေးရွာအုပ်စု၊ |
| | | ၁၉။ | ဆင်မြေကျေးရွာအုပ်စု၊ |
| | | ၂၀။ | မအူပင်ကျေးရွာအုပ်စု၊ |
| | | ၂၁။ | ကျောက်တာကျေးရွာအုပ်စု၊ |
| | | ၂၂။ | မြေတိုင်ကျေးရွာအုပ်စု၊ |
| | | ၂၃။ | ထန်းတောကျေးရွာအုပ်စု၊ |
| | | ၂၄။ | ချောင်းပေါက်ကျေးရွာအုပ်စု၊ |
| | | ၂၅။ | ရေခါးကျေးရွာအုပ်စု၊ |
| | | ၂၆။ | ရေမျက်ကျေးရွာအုပ်စု၊ |
| | | ၂၇။ | တအိမ်တည်းကျေးရွာအုပ်စု၊ |
| | | ၂၈။ | စကျင်ကျေးရွာအုပ်စု၊ |
| | | ၂၉။ | စာရေးကျေးရွာအုပ်စု၊ |
| | | ၃၀။ | တောင်ကြားကျေးရွာအုပ်စု၊ |
| | | ၃၁။ | အင်းစကျေးရွာအုပ်စု၊ |
| | | ၃၂။ | တောင်မြို့ကျေးရွာအုပ်စု၊ |
| | | ၃၃။ | ဘောက်သောက်ကျေးရွာအုပ်စု၊ |
| | | ၃၄။ | ပေါက်မကျေးရွာအုပ်စု၊ |
| | | ၃၅။ | မင်းကျေးရွာအုပ်စု၊ |
| | | ၃၆။ | သားပျောက်ကုန်းကျေးရွာအုပ်စု၊ |
| | | ၃၇။ | သာဇင်ကျေးရွာအုပ်စု၊ |
| | | ၃၈။ | လင်းတလူးကျေးရွာအုပ်စု၊ |
| | | ၃၉။ | ယင်းမကျင်းကျေးရွာအုပ်စု၊ |
| | | ၄၀။ | ကျားမင်းကြီးကျေးရွာအုပ်စု၊ |
| | | ၄၁။ | မာလဲတောကျေးရွာအုပ်စု၊ |
| | | ၄၂။ | မူးသာကျေးရွာအုပ်စု၊ |
| | | ၄၃။ | ထန်းတောဆိပ်ကျေးရွာအုပ်စု၊ |
| | | ၄၄။ | တလိုင်းကျွန်းကျေးရွာအုပ်စု၊ |
| | | ၄၅။ | ညောင်ပင်ရှည်ကျေးရွာအုပ်စု၊ |
| | | ၄၆။ | ညောင်ပင်ဝန်းကျေးရွာအုပ်စု၊ |
| | | ၄၇။ | ညောင်ပင်သာကျေးရွာအုပ်စု၊ |
| | | ၄၈။ | လယ်ကြီးကျေးရွာအုပ်စု၊ |
| | | ၄၉။ | ရွှေလှေကျေးရွာအုပ်စု၊ |
| | | ၅၀။ | ကိုင်းပြင်ကျေးရွာအုပ်စု၊ |
| | | ၅၁။ | မြင်းဆည်ကျေးရွာအုပ်စု၊ |
| | | ၅၂။ | မောင်းထောင်ကျေးရွာအုပ်စု၊ |
| | | ၅၃။ | တဲကြီးလက်ပံသာကျေးရွာအုပ်စု၊ |
| | | ၅၄။ | သဖန်းသာကျေးရွာအုပ်စု၊ |
| | | ၅၅။ | ဒီပဲယင်းကွဲကျေးရွာအုပ်စု၊ |
| | | ၅၆။ | ကြွယ်ပုံကျေးရွာအုပ်စု၊ |
| | | ၅၇။ | ပဒူကျေးရွာအုပ်စု၊ |
| | | ၅၈။ | ကံကြီးကုန်းကျေးရွာအုပ်စု၊ |
| | | ၅၉။ | တောင်ရင်းကျေးရွာအုပ်စု၊ |
| | | ၆၀။ | ကျောက်ပနန်ကျေးရွာအုပ်စု၊ |
| | | ၆၁။ | ခက်ခကျေးရွာအုပ်စု၊ |
| | | ၆၂။ | စမွန်းကျေးရွာအုပ်စု၊ |
| | | ၆၃။ | ကြခတ်ကျေးရွာအုပ်စု၊ |
| | | ၆၄။ | ရေတွင်းကောင်းကျေးရွာအုပ်စု၊ |
| | | ၆၅။ | ရွာမကျေးရွာအုပ်စု၊ |
| | | ၆၆။ | ငါ့တရော်ကျေးရွာအုပ်စု၊ |
| | | ၆၇။ | ရှမ်းတပ်ကျေးရွာအုပ်စု၊ |
| | | ၆၈။ | ရုန်းပင်ကန်ကျေးရွာအုပ်စု၊ |
| | | ၆၉။ | ပြည်တော်သာကျေးရွာအုပ်စု၊ |
| | | ၇၀။ | နတ်ခရိုင်ကျေးရွာအုပ်စု၊ |
| | | ၇၁။ | ကျောက်ဆည်ကျေးရွာအုပ်စု၊ |
| | | ၇၂။ | အောင်သာကျေးရွာအုပ်စု၊ |
| | | ၇၃။ | ပန်းချီကျေးရွာအုပ်စု၊ |
| | | ၇၄။ | မင်းကွန်းကျေးရွာအုပ်စု၊ |
| | | ၇၅။ | ကင်းကျေးရွာအုပ်စု၊ |
| | | ၇၆။ | လက်ပံကျေးရွာအုပ်စု၊ |
| | | ၇၇။ | စဥ့်ကိုင်ကျေးရွာအုပ်စု၊ |
| | | ၇၈။ | ကျောင်းဖြူကျေးရွာအုပ်စု၊ |
| | | ၇၉။ | တလိုင်းကျေးရွာအုပ်စု၊ |
| | | ၈၀။ | မဲဇလီချောင်းကျေးရွာအုပ်စု၊ |
| | | ၈၁။ | ထုံးဘိုကျေးရွာအုပ်စု။ |
| ၆။ | တမူးမြို့နယ် | ၁။ | အမှတ်(၁)ရပ်ကွက်(မြို့သစ်မြို့)၊ |
| | | ၂။ | အမှတ်(၂)ရပ်ကွက်(မြို့သစ်မြို့)၊ |
| | | ၃။ | အမှတ်(၃)ရပ်ကွက်(မြို့သစ်မြို့)၊ |
| | | ၄။ | အမှတ်(၁)ရပ်ကွက်(ခါမ်းပါတ်မြို့)၊ |
| | | ၅။ | အမှတ်(၂)ရပ်ကွက်(ခါမ်းပါတ်မြို့)၊ |
| | | ၆။ | အမှတ်(၃)ရပ်ကွက်(ခါမ်းပါတ်မြို့)၊ |
| | | ၇။ | အမှတ်(၄)ရပ်ကွက်(ခါမ်းပါတ်မြို့)၊ |
| | | ၈။ | အမှတ်(၅)ရပ်ကွက်(ခါမ်းပါတ်မြို့)၊ |
| | | ၉။ | ကွန်းတောင်းကျေးရွာအုပ်စု၊ |
| | | ၁၀။ | အင်ဒိုင်းကျေးရွာအုပ်စု၊ |
| | | ၁၁။ | အလှော်ကျေးရွာအုပ်စု၊ |
| | | ၁၂။ | ခမိတ်ကျေးရွာအုပ်စု၊ |
| | | ၁၃။ | ဝိတုတ်ကျေးရွာအုပ်စု၊ |
| | | ၁၄။ | ပွတ်သာကျေးရွာအုပ်စု၊ |
| | | ၁၅။ | ဖိုင်လင်းကျေးရွာအုပ်စု၊ |
| | | ၁၆။ | သနန်ကျေးရွာအုပ်စု၊ |
| | | ၁၇။ | ဗန္ဓုလကျေးရွာအုပ်စု၊ |
| | | ၁၈။ | မင်းသာကျေးရွာအုပ်စု၊ |
| | | ၁၉။ | လှည်းဆိပ်ကျေးရွာအုပ်စု၊ |
| | | ၂၀။ | ထုံကတင်ကျေးရွာအုပ်စု၊ |
| | | ၂၁။ | အောက်တောင်းကျေးရွာအုပ်စု၊ |
| | | ၂၂။ | စွန်လည်ကျေးရွာအုပ်စု၊ |
| | | ၂၃။ | ရွာသာကျေးရွာအုပ်စု၊ |
| | | ၂၄။ | မင်းသမီးကျေးရွာအုပ်စု၊ |
| | | ၂၅။ | မလူကျေးရွာအုပ်စု၊ |
| | | ၂၆။ | ထင်းဇင်ကျေးရွာအုပ်စု၊ |
| | | ၂၇။ | တိန်းကယားကျေးရွာအုပ်စု၊ |
| | | ၂၈။ | ကနန်ကျေးရွာအုပ်စု၊ |
| | | ၂၉။ | ကျွန်းတောရေရှင်ကျေးရွာအုပ်စု။ |
| ၇။ | မုံရွာ မြို့နယ် | ၁။ | ကိုးရှင်းကျွန်းကျေးရွာအုပ်စု၊ |
| | | ၂။ | ဆူးလေကုန်းကျေးရွာအုပ်စု၊ |
| | | ၃။ | မအူကျေးရွာအုပ်စု၊ |
| | | ၄။ | လယ်ဇင်ကျေးရွာအုပ်စု၊ |
| | | ၅။ | ညောင်ဖြူပင်ကျေးရွာအုပ်စု၊ |
| | | ၆။ | ဘူးတောင်းကန်ကျေးရွာအုပ်စု၊ |
| | | ၇။ | ဘုမ္မနိုးကျေးရွာအုပ်စု၊ |
| | | ၈။ | ပုဏ္ဏားမော်ကျေးရွာအုပ်စု၊ |
| | | ၉။ | ကျွန်းရွာသစ်ကျေးရွာအုပ်စု၊ |
| | | ၁၀။ | ကြာပိုင်ကျေးရွာအုပ်စု၊ |
| | | ၁၁။ | မုံရွေးကျေးရွာအုပ်စု၊ |
| | | ၁၂။ | ကြေးမုံကျေးရွာအုပ်စု၊ |
| | | ၁၃။ | ကြီးအုပ်ကျေးရွာအုပ်စု၊ |
| | | ၁၄။ | ခတက္ကန်(မြောက်)ကျေးရွာအုပ်စု၊ |
| | | ၁၅။ | ခတက္ကန်(တောင်)ကျေးရွာအုပ်စု၊ |
| | | ၁၆။ | သက္ကယ်ကျင်းကျေးရွာအုပ်စု၊ |
| | | ၁၇။ | ဇီးကျွန်းကျေးရွာအုပ်စု၊ |
| | | ၁၈။ | ရွာတုံကျေးရွာအုပ်စု၊ |
| | | ၁၉။ | ထနောင်းဝင်းကျေးရွာအုပ်စု၊ |
| | | ၂၀။ | သာစည်ကျေးရွာအုပ်စု၊ |
| | | ၂၁။ | ကျောင်းကုန်းကျေးရွာအုပ်စု၊ |
| | | ၂၂။ | နတ်ကြီးကျွန်းကျေးရွာအုပ်စု၊ |
| | | ၂၃။ | အင်တိုင်းကျေးရွာအုပ်စု၊ |
| | | ၂၄။ | ရောင်တော်တုံးကျေးရွာအုပ်စု၊ |
| | | ၂၅။ | အောင်သာကျေးရွာအုပ်စု၊ |
| | | ၂၆။ | မရိုးတောကျေးရွာအုပ်စု၊ |
| | | ၂၇။ | မြင်းမီးလောင်ကျေးရွာအုပ်စု၊ |
| | | ၂၈။ | သစ်ဆိမ့်ကျေးရွာအုပ်စု၊ |
| | | ၂၉။ | ထနောင်းတောကျေးရွာအုပ်စု၊ |
| | | ၃၀။ | ပလ္လင်ကုန်းကျေးရွာအုပ်စု၊ |
| | | ၃၁။ | ခိုးသန်းကျေးရွာအုပ်စု၊ |
| | | ၃၂။ | ကံပြားကျေးရွာအုပ်စု၊ |
| | | ၃၃။ | ကျောက္ကာ(မြောက်)ကျေးရွာအုပ်စု၊ |
| | | ၃၄။ | ကျောက္ကာ(တောင်)ကျေးရွာအုပ်စု၊ |
| | | ၃၅။ | ကြိုးကြာကန်ကျေးရွာအုပ်စု၊ |
| | | ၃၆။ | ကျွဲရဲကျေးရွာအုပ်စု၊ |
| | | ၃၇။ | တဲကြီးကုန်းကျေးရွာအုပ်စု၊ |
| | | ၃၈။ | ဖန်းခါးကျင်းကျေးရွာအုပ်စု၊ |
| | | ၃၉။ | ဒါန်းပင်တဲကျေးရွာအုပ်စု၊ |
| | | ၄၀။ | ဆည်ကြီးတောကျေးရွာအုပ်စု၊ |
| | | ၄၁။ | ပုရစ်ကုန်းကျေးရွာအုပ်စု၊ |
| | | ၄၂။ | မင်းရွာကျေးရွာအုပ်စု၊ |
| | | ၄၃။ | မြေနဲကျေးရွာအုပ်စု၊ |
| | | ၄၄။ | ကျောက်စစ်ပုံ(မြောက်)ကျေးရွာအုပ်စု၊ |
| | | ၄၅။ | ကျောက်စစ်ပုံ(တောင်)ကျေးရွာအုပ်စု၊ |
| | | ၄၆။ | ရေကန်စုကျေးရွာအုပ်စု၊ |
| | | ၄၇။ | တောင်မာတောကျေးရွာအုပ်စု၊ |
| | | ၄၈။ | တောင်ကြားကျေးရွာအုပ်စု၊ |
| | | ၄၉။ | ညောင်ပင်ကျေးရွာအုပ်စု၊ |
| | | ၅၀။ | ပေါက်ပင်ကျေးရွာအုပ်စု၊ |
| | | ၅၁။ | ဘုဘကျေးရွာအုပ်စု၊ |
| | | ၅၂။ | ကျွန်းကြီးကျေးရွာအုပ်စု။ |
| ၈။ | ရွှေဘို မြို့နယ် | ၁။ | အမှတ်(၁)ရပ်ကွက်(ရွှေဘိုမြို့)၊ |
| | | ၂။ | အမှတ်(၄)ရပ်ကွက်(ရွှေဘိုမြို့)၊ |
| | | ၃။ | အမှတ်(၅)ရပ်ကွက်(ရွှေဘိုမြို့)၊ |
| | | ၄။ | အမှတ်(၆)ရပ်ကွက်(ရွှေဘိုမြို့)၊ |
| | | ၅။ | အမှတ်(၇)ရပ်ကွက်(ရွှေဘိုမြို့)၊ |
| | | ၆။ | အမှတ်(၈)ရပ်ကွက်(ရွှေဘိုမြို့)၊ |
| | | ၇။ | အမှတ်(၉)ရပ်ကွက်(ရွှေဘိုမြို့)၊ |
| | | ၈။ | အမှတ်(၁)ရပ်ကွက်(ကျောက်မြောင်းမြို့)၊ |
| | | ၉။ | အမှတ်(၂)ရပ်ကွက်(ကျောက်မြောင်းမြို့)၊ |
| | | ၁၀။ | အမှတ်(၃)ရပ်ကွက်(ကျောက်မြောင်းမြို့)၊ |
| | | ၁၁။ | အမှတ်(၄)ရပ်ကွက်(ကျောက်မြောင်းမြို့)၊ |
| | | ၁၂။ | တဂဏန်းကျေးရွာအုပ်စု၊ |
| | | ၁၃။ | ဇီးတောကျေးရွာအုပ်စု၊ |
| | | ၁၄။ | အောင်ချမ်းသာကျေးရွာအုပ်စု၊ |
| | | ၁၅။ | ဘုံးဘွက်ကျေးရွာအုပ်စု၊ |
| | | ၁၆။ | ရင်းဘာကျေးရွာအုပ်စု၊ |
| | | ၁၇။ | ပဒေါင်းကျေးရွာအုပ်စု၊ |
| | | ၁၈။ | တောင်တင်းကျေးရွာအုပ်စု၊ |
| | | ၁၉။ | ရှားတောကျေးရွာအုပ်စု၊ |
| | | ၂၀။ | မင်းကုန်းကျေးရွာအုပ်စု၊ |
| | | ၂၁။ | အုတ်ရှစ်ကန်ကျေးရွာအုပ်စု၊ |
| | | ၂၂။ | ချီပါကျေးရွာအုပ်စု၊ |
| | | ၂၃။ | လုံးတော်ကျေးရွာအုပ်စု၊ |
| | | ၂၄။ | ပလိုင်းကျေးရွာအုပ်စု၊ |
| | | ၂၅။ | ကွန်ဆိပ်ကျေးရွာအုပ်စု၊ |
| | | ၂၆။ | ဂန်းစီကျေးရွာအုပ်စု၊ |
| | | ၂၇။ | တက်တူကျေးရွာအုပ်စု၊ |
| | | ၂၈။ | ထန်းစင်ကျေးရွာအုပ်စု၊ |
| | | ၂၉။ | ထနောင်းဝန်းကျေးရွာအုပ်စု၊ |
| | | ၃၀။ | ပိတောက်ခေါင်းကျေးရွာအုပ်စု၊ |
| | | ၃၁။ | ခွန်တောင်းငယ်ကျေးရွာအုပ်စု၊ |
| | | ၃၂။ | စီသာကျေးရွာအုပ်စု၊ |
| | | ၃၃။ | ဖုတ်ကုန်းကျေးရွာအုပ်စု၊ |
| | | ၃၄။ | တအုံကျေးရွာအုပ်စု၊ |
| | | ၃၅။ | ကြိုးကြာကျေးရွာအုပ်စု၊ |
| | | ၃၆။ | တကန်သာကျေးရွာအုပ်စု၊ |
| | | ၃၇။ | သစ်ချိုပင်ကျေးရွာအုပ်စု၊ |
| | | ၃၈။ | ချောင်းဆုံကျေးရွာအုပ်စု၊ |
| | | ၃၉။ | ပေါက်တုံကျေးရွာအုပ်စု၊ |
| | | ၄၀။ | တံခွန်တိုင်ကျေးရွာအုပ်စု၊ |
| | | ၄၁။ | သပြေသစ်ချိုကျေးရွာအုပ်စု၊ |
| | | ၄၂။ | ကံဖြူကျေးရွာအုပ်စု၊ |
| | | ၄၃။ | ဆင်းကွတ်ကျေးရွာအုပ်စု၊ |
| | | ၄၄။ | ကော့ကျေးရွာအုပ်စု၊ |
| | | ၄၅။ | ဘိုးတော်တောကျေးရွာအုပ်စု၊ |
| | | ၄၆။ | ဆင်အင်းကျေးရွာအုပ်စု၊ |
| | | ၄၇။ | သဘွတ်တောကျေးရွာအုပ်စု၊ |
| | | ၄၈။ | ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ |
| | | ၄၉။ | မြင်းစီးကျေးရွာအုပ်စု၊ |
| | | ၅၀။ | သရက်ပင်ဂန်းကျေးရွာအုပ်စု၊ |
| | | ၅၁။ | ညောင်ကိုင်းကျေးရွာအုပ်စု၊ |
| | | ၅၂။ | ရုံးတောကျေးရွာအုပ်စု၊ |
| | | ၅၃။ | တယ်ပင်ကျေးရွာအုပ်စု၊ |
| | | ၅၄။ | ရွာဆိုးကျေးရွာအုပ်စု၊ |
| | | ၅၅။ | ဝါးရုံကန်ကျေးရွာအုပ်စု၊ |
| | | ၅၆။ | စောင်တန်းကျေးရွာအုပ်စု၊ |
| | | ၅၇။ | ဆိပ်ခွန်ကျေးရွာအုပ်စု၊ |
| | | ၅၈။ | တင့်တယ်ကျေးရွာအုပ်စု၊ |
| | | ၅၉။ | မြင်းချင်းကျေးရွာအုပ်စု၊ |

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

၆၀။ သလုံးကျေးရွာအုပ်စု၊
၆၁။ ရွာတော်ကျေးရွာအုပ်စု၊
၆၂။ ပန်းရုံကျေးရွာအုပ်စု၊
၆၃။ ဇီးဖြူကုန်းကျေးရွာအုပ်စု၊
၆၄။ နှမစားရစ်ကျေးရွာအုပ်စု၊
၆၅။ လိပ်ချင်းကျေးရွာအုပ်စု၊
၆၆။ ညောင်ပင်သာကျေးရွာအုပ်စု၊
၆၇။ ကျားကျေးရွာအုပ်စု၊
၆၈။ ခွန်တောင်းကြီးကျေးရွာအုပ်စု၊
၆၉။ ညောင်ကန်ကျေးရွာအုပ်စု၊
၇၀။ စဉ့်တုံကျေးရွာအုပ်စု၊
၇၁။ ကြက်တက်ကျေးရွာအုပ်စု၊
၇၂။ မအူကျေးရွာအုပ်စု၊
၇၃။ ရွှေဂွန်ကျေးရွာအုပ်စု၊
၇၄။ မလားကျေးရွာအုပ်စု၊
၇၅။ မခေါက်ကျေးရွာအုပ်စု၊
၇၆။ ဆယ်ပင်ကျွန်းကျေးရွာအုပ်စု၊
၇၇။ ကုလားမကျေးရွာအုပ်စု၊
၇၈။ အုန်းပေါက်ကျေးရွာအုပ်စု၊
၇၉။ ကံကြီးတောကျေးရွာအုပ်စု၊
၈၀။ ဝွေးပင်ကုန်းကျေးရွာအုပ်စု၊
၈၁။ တည်ပင်ကျေးရွာအုပ်စု။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဉာဏ်ရည်တုနည်းပညာသုံး ခရုခေါက်ဆွဲ ထုတ်လုပ်သော ဟူကွေ့(Hu-Gui) အစားအသောက် ကုမ္ပဏီသို့ ရောက်ရှိရာ မန်နေဂျာ Ms Wei Qiuling နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း၌ သုတေသနဓာတ်ခွဲခန်းများ တည်ထောင်ထားရှိပြီး ကွမ်ရှီး သိပ္ပံနှင့် နည်းပညာ တက္ကသိုလ်အပါအဝင် သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထုတ်ကုန်များ၏ စံအရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်း ဆောင်ရွက်လျက် ရှိကြောင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ပြီး တစ်နိုင်ငံလုံးသို့ ပြည်တွင်း စားသောက်ရေးဖူလုံမှုကို အဓိကထားဖြန့်ဖြူးပေးပြီး e-commerce အဖြစ်လည်း ကြိုတင်မှာယူရောင်းချရခြင်းများလည်း ရှိကြောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံ၌ နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးသားရေးဦးတည်ချက်အတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များနှင့်လည်း တူညီပါကြောင်း ပြောကြားပြီး ဉာဏ်ရည်တုနည်းပညာအသုံးပြုမှုနှင့် စံအရည်အသွေးနှင့်အညီ ထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်



မိုးနဲမြို့နယ်၌ ဒီဇင်ဘာအားကစားလ (ပထမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက်ကကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ၇၀၀ ခန့် စုပေါင်းဆင်နွှဲစဉ်။ ဝိုးတောင်း

ညောင်ရွှေမြို့၌ ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက်ကကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ စုစုပေါင်း ၅၂၀ ကျော် ပါဝင်ဆင်နွှဲစဉ်။ မြို့နယ် (ပြန်/ဆက်)






လယ်ဝေးမြို့နယ်၌ ဒီဇင်ဘာ (ပထမပတ်) လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် ပြည်သူ ၅၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။ မြို့နယ်( ပြန်/ဆက်)

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၆-၁၂-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၁.၆ | ၃၄.၉ |
| တီးတိန်မြို့ | ၆.၃ | ၄၃.၃ |
| လွိုင်လင်မြို့ | ၇.၃ | ၄၅.၁ |
| ဟဲဟိုးမြို့ | ၇.၇ | ၄၅.၉ |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၈.၀ | ၄၆.၄ |
| ပူတာအိုမြို့ | ၈.၅ | ၄၇.၃ |

◆ *ကျော့ဖုံးမှ*

တစ်ကိုယ်ရေသုံးပစ္စည်းများဖြစ်သည့် သွားတိုက်ဆေးဘူး ၅၀၀၀၀ နှင့် သွားတိုက်တံအချောင်း ၅၀၀၀၊ တန်ချိန် ၂ ဒသမ ၂၆၂ တန် စုစုပေါင်း တန်ချိန် ၉ ဒသမ ၂ တန်ကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံသို့ သွားရောက်ပို့ဆောင် လှူဒါန်းသည်။

အဆိုပါလှူဒါန်းမှုများအပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဆန်တန်ချိန် ၅၀၀ တို့ကိုလည်း ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ရာ လှူဒါန်းမှုတန်ဖိုး စုစုပေါင်း မြန်မာငွေကျပ် ၁၃၅၈ ဒသမ ၄၄ သန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး ဝန်ထမ်းအဆောင်များ၊ လိုင်းခန်းများနှင့် ယာယီဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်ထောင်စုဝန်ကြီးရုံး အပါအဝင် ဦးစီးဌာနလေးခုတို့မှ ဝန်ထမ်းများ နေထိုင်လျက်ရှိသော အဆောင်များ၊ လိုင်းခန်းများ၊ ယာယီဝန်ထမ်းအိမ်ရာများနှင့် Prefabricated Modular House များကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ အမျိုးသမီးဝန်ထမ်းများ နေထိုင်လျက်ရှိသော သဇင် (၄) အဆောင်သို့ သွားရောက်၍ လျှပ်စစ်ဓာတ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ အဆောင်များ၏ သန့်ရှင်းရေး၊ မီးဘေးလုံခြုံရေးနှင့် ရေ၊ မီး၊ မိလ္လာစနစ်များ ကောင်းမွန်မှုရှိမရှိ၊ ဝန်ထမ်းများ၏ သွားလာနေထိုင်စားသောက်ရေး အဆင်ပြေမှုရှိမရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံကာ မိမိတို့ဘဝ တိုးတက်မြင့်မားရေးအတွက် အားလပ်ချိန်များတွင် အသိပညာဗဟုသုတတိုးပွားအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကျန်းမာရေးဂရုစိုက်ကြရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသော ပျဉ်းမနားမြို့ ခရိုင်ဦးစီးမှူးရုံးအတွင်းရှိ ယာယီဝန်ထမ်းအိမ်ရာများနှင့် သင်တန်းသားအိပ်ဆောင်များကို လည်းကောင်း၊ ယန္တရားဝင်းအတွင်းရှိ ဂိုဒေါင်များတွင် ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး အခန်းများဖွဲ့စည်း၍ နေရာချထားပေးမှုနှင့် ရေချိုးခန်း၊ သန့်စင်ခန်းများ အဆင်ပြေမှုရှိမရှိ၊ အသစ်တည်ဆောက်ပေးထားသော ခြောက်ခန်းတွဲအိမ်ရာနှစ်လုံးတွင် ဝန်ထမ်းများ နေထိုင်ရာ၌ အဆင်ပြေမှုရှိမရှိတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲများကို မေးမြန်းကာ လိုင်းခန်းများအတွက် နေကာ (Sun Shade) များ စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး မြေနေရာသို့သွားရောက်၍ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး လေးခန်းတွဲ အိမ်ရာ ၁၀ လုံးနှင့် Prefabricated Modular House နှစ်လုံး ဆောက်လုပ်ပေးခဲ့ပြီး ဝန်ထမ်းများ နေထိုင်နေမှုကိုလည်းကောင်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ စနစ်တကျဖြစ်စေရေးကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ် ၃၆-B သို့သွားရောက်ပြီး ပစ္စည်းသိုလှောင်ရုံများနှင့် ယာဉ်ယန္တရားဂိုဒေါင်များအတွင်း ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး အခန်းများဖွဲ့စည်းနေထိုင်နေမှုကို လည်းကောင်း၊ ယာယီဝန်ထမ်းအိမ်ရာများနှင့် Prefabricated Modular House များကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲများကိုမေးမြန်း၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃)နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာအနီး၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများ ဖော်ထုတ်ဖမ်းဆီးရရှိမှုကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

အဆောက်အအုံ ၃၂၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ ဖြစ်သော နှစ်ထပ်အဆောက်အအုံ ၁၀ လုံး၊ လေးထပ်အဆောက်အအုံ သုံးလုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၃ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံး အနက် ယနေ့အထိ ၁၇၃ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိတရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၂၁ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၆၉၄ လုံးကို စစ်ဆေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ချိပ်ပိတ် သိမ်းဆည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ် သိမ်းဆည်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့ကြသူများအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများအား အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ မဲ့ထော်သလေးကျေးရွာအနီးတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၉၆ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုနေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ်အဆောက်အအုံ ငါးလုံး၊ တစ်ထပ်အဆောက်အအုံသုံးလုံး စုစုပေါင်း ရှစ်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ရပြီး ၎င်းတို့အား ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း သုံးထပ်အဆောက်အအုံတစ်လုံး၊ တစ်ထပ်အဆောက်အအုံနှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ငါးလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်း မရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

လာအိုအသင်းသည် ခြေစွမ်းကောင်းအချို့ ပြသနိုင်ခဲ့သော်လည်း သွင်းဂိုးရရှိရေးထက် မလေးရှားအသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်အများစု ဟန့်တားကာကွယ်ခဲ့ရသည်။ ဦးဆောင်ဂိုးကို လာအိုအသင်းက ပွဲချိန် ၆ မိနစ်တွင် သွင်းယူပေးခဲ့ပြီး မလေးရှားအသင်းက ပွဲချိန် ၃၃ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းကို တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

သွင်းဂိုးရရှိရေး တရစပ်ဖိအားပေးလာသည့် မလေးရှားအသင်းသည် ပွဲချိန် ၅၉ မိနစ်နှင့် ၆၂ မိနစ်တွင် သွင်းဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ လာအိုအသင်းသည် ချေပဂိုးများ သွင်းယူနိုင်ရေး ကြိုးပမ်းလာခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် အချည်းနှီးဖြစ်ခဲ့ရသည်။

ပွဲချိန် ၈၈ မိနစ်တွင် လာအိုကစားသမားတစ်ဦး အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ မလေးရှားအသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် သွင်းယူရရှိခဲ့သည်။

မလေးရှားအသင်းသည် ၂၀၂၅ ထိုင်း ဆီးဂိမ်း အမျိုးသား ယူ-၂၂ ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) တွင် ဗီယက်နမ်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ မလေးရှားအသင်းသည် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ည ၆ နာရီခွဲတွင် စင်ကာပူ ယူ-၂၂ နှင့် တီမောလက်စ်တေ ယူ-၂၂ ပွဲစဉ်တွင် တီမောလက်စ်တေက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ဇော်ဇော်**







# တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အောင်ငွေး၊ တပ်မတော်နည်းပညာတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒုတိယဗိုလ်မှူးကြီး မြင့်ဝင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။



ဦးစွာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ခေတ္တပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက်ခေတ္တပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။ ဆက်လက်၍ ခေတ္တပါမောက္ခချုပ်က မဟာအင်ဂျင်နီယာဘွဲ့၊ အင်ဂျင်နီယာပညာသင်ကြားရေး ဒီပလိုမာဘွဲ့၊ အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့ရရှိသူတို့အား သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ခေတ္တပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်ခေတ္တပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ခေတ္တပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော် နည်းပညာတက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ အင်ဂျင်နီယာဘွဲ့ရအရာရှိ ၇၈၃၃ ဦး၊ အင်ဂျင်နီယာမဟာဒဿနဘွဲ့ရရှိသူ ငါးဦး၊ အင်ဂျင်နီယာ ပညာသင်ကြားရေး ဒီပလိုမာဘွဲ့ရရှိသူ ၁၄၉ ဦး၊ အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာဘွဲ့ရရှိသူ ၅၄၄ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ရရှိသူ ၆၄၇ ဦးနှင့် အင်ဂျင်နီယာပါရဂူဘွဲ့ရရှိသူ ၁၇၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဂုဏ်ထူးဆောင်အင်ဂျင်နီယာပါရဂူဘွဲ့ရရှိသူ နှစ်ဦးကိုလည်း ဘွဲ့များ အပ်နှင်းပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၆**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ် သမ္မာသမ္ဗုဒ္ဓမြို့ဦး စေတီတော်ဝင်း အတွင်းရှိ မြို့နယ်သံဃနာယကရုံး၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၉၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ငင်းတို့အနက် အထွေထွေဆေးကုသမှုဆိုင်ရာရောဂါ ၂၀၅ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၈ ဦး၊ မျက်စိရောဂါ ၈၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၈ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၅၉၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ခွဲစိတ်လူနာခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ သွားနုတ်/သွားဖာ ၃၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၀၊ အာထရာဆောင်းစက်ဖြင့်စမ်းသပ်စစ်ဆေးလူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးနှင့် GEC သမဝါယမအသင်းတို့၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ညောင်ရွှေ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးနှင့် GEC သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားပြီး လက်ထောက်မြို့နယ် ပညာရေးမှူးနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးနှင့် GEC သမဝါယမအသင်းတို့၏ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 အောင်မြင်သည့် အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒီဇင်ဘာ ၆ ရက် နံနက် ၁၁ နာရီ ၁၄ မိနစ် ၀၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၃၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တိုက်ကြီးမြို့၏ အရှေ့တောင်ဘက် (၄) မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် (၁၇.၂၉) ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉၆.၀၁)ဒီဂရီ၊ အနက်(၁၅) ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး (၃.၀) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ဇလ**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အိုင်တီပြဿနာကြောင့် စကော့တလန်လေဆိပ်၌ လေကြောင်းပျံသန်းမှုများအားလုံး ယာယီဆိုင်းငံ့

**လန်ဒန် ဒီဇင်ဘာ ၆**

စကော့တလန်၏ အစည်ကားဆုံး လေဆိပ်ဖြစ်သည့် အီဒင်ဘာ့ လေဆိပ်သည် ၎င်း၏လေကြောင်း ထိန်းချုပ်ရေးစနစ်ကို ထိခိုက်စေသည့် အိုင်တီပြဿနာကြောင့် ဒီဇင်ဘာ ၅ ရက်က လေယာဉ် ပျံသန်းမှုအားလုံးကို ယာယီဆိုင်းငံ့ခဲ့သည်။

လေကြောင်း ထိန်းချုပ်ရေး စနစ်အတွင်း အိုင်တီပြဿနာကြောင့် အီဒင်ဘာ့လေဆိပ်မှ လေယာဉ်ပျံသန်းမှု မရှိသေးကြောင်း လေဆိပ်ထုတ်ပြန်ချက်တွင် ပါဝင်သည်။



နောက်ပိုင်းတွင် လေယာဉ်ခရီးစဉ်များ ပြန်လည်စတင်ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါလေဆိပ်သည် ၂၀၂၄ ခုနှစ်တွင် ခရီးသည်ပေါင်း ၁၅ ဒသမ ၈ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး လေကြောင်းလိုင်း ၃၇ ခုသည် ခရီးစဉ်ပေါင်း ၁၅၅ ခု ပျံသန်းခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ဘီလီယံ ၈၄၀ ခန့်ရှိ

**ဟနွိုင်း ဒီဇင်ဘာ ၆**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမ ၁၁ လအတွင်း ပို့ကုန်၊ သွင်းကုန် တန်ဖိုး စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၈၃၉ ဒသမ ၇၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ်ကထက် ၁၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အမျိုးသား စာရင်းအင်းရုံးက ဒီဇင်ဘာ ၆ ရက်တွင် ပြောသည်။



ယင်းကာလအတွင်း ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ ၄၃၀ ဒသမ ၁၄ ဘီလီယံရှိပြီး ၁၆ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ သွင်းကုန်တန်ဖိုးမှာ ၄၀၉ ဒသမ ၆၁ ဘီလီယံရှိပြီး ၁၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်မှုရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၁၁ လတာကာလအတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၃ ဘီလီယံရှိကြောင်း အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

## အေဒီဘီက ပါကစ္စတန်၌ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးစီမံကိန်းများအတွက် ဒေါ်လာ ၃၈၁ သန်း အတည်ပြု

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၆**

အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင်ရန် စီမံကိန်းသုံးခုအတွက် အမေရိကန်ဒေါ်လာ စုစုပေါင်း ၃၈၁ သန်းကို ဒီဇင်ဘာ ၆ ရက်တွင် အတည်ပြုခဲ့သည်။

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ သက်သာခွင့်ချေးငွေ ဒေါ်လာ သန်း ၁၂၀ နှင့် ပံ့ပိုးငွေ ဒေါ်လာ လေးသန်းကို လက်ရှိ သဘာဝဘေးဒဏ်ခံနိုင်ပြီး ကာဗွန်နည်းသည့် စိုက်ပျိုးရေးကို ပံ့ပိုးပေးမည်ဖြစ်ကာ ကျေးလက်စိုက်ပျိုးရေးအိမ်ထောင်စု ၂၀၀၀၀၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ပန်ဂျပ်ပြည်နယ်သည် ဂျုံ ၇၅ ရာခိုင်နှုန်း၊ စပါး ၆၉ ရာခိုင်နှုန်းနှင့် ပြောင်း ၉၁ ရာခိုင်နှုန်းထွက်ရှိပြီး နိုင်ငံ၏ ရိက္ခာအများအပြား ထုတ်လုပ်ဖြန့်ဖြူးပေးရာ နေရာဖြစ်ကြောင်း အေဒီဘီဘဏ်က ပြောကြားသည်။ **ဆင်ဟွာ**

## မလေးရှားနိုင်ငံ၌ ရေကြီးနစ်မြုပ်မှုကြောင့် အများပြည်သူ အခြေခံအဆောက်အအုံ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၂ သန်းခန့် ပျက်စီး

**ကွာလာလမ်ပူ ဒီဇင်ဘာ ၆**

မလေးရှားနိုင်ငံ၌ အရှေ့မြောက်မုတ်သုံလေနှင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားမှုကြောင့် အများပြည်သူ အခြေခံအဆောက်အအုံ အပျက်အစီးတန်ဖိုး အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၂ သန်းခန့် ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း မလေးရှား အလုပ်အကိုင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။



အဆိုပါပမာဏမှာ နောက်ဆုံးအရေအတွက် ခန့်မှန်းထားခြင်း မဟုတ်ဘဲ ဆိုးရွားသည့် ရာသီဥတုကြောင့် နောက်ထပ်ပျက်စီးမှုများ ဖြစ်ပွားနိုင်ကြောင်း အလုပ်အကိုင်ဝန်ကြီး အလက်ဇန်ဒါး နန်တာ ရင်ဂီက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားသည်။

ယင်းအခြေအနေများကို ဖြေရှင်းရန် အစိုးရ၏ကြိုးပမ်းမှု အစိတ်အပိုင်းတစ်ခုအဖြစ် ပြည်နယ် အများအပြား၌ ရေကြီးမှုကြောင့် ပျက်စီးသွားသည့် အများပြည်သူ အခြေခံအဆောက်အအုံကို ပြုပြင်ရန် ဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က အထူးခွဲဝေပေးသည့်ပမာဏ ရင်းဂစ် သန်း ၅၀၀ ကို မကြာသေးမီက အတည်ပြုသည်ကို ၎င်းက မှတ်ချက်ပြုထားသည်။

မလေးရှားနိုင်ငံ၌ မကြာသေးမီက ရေကြီးနစ်မြုပ်မှုကြောင့် နှစ်ဦးထက်မနည်း သေဆုံးပြီး သောင်းနှင့်ချီသည့် ပြည်သူများ နေရာပြောင်းရွှေ့ရကာ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆိုင်ကလုန်းဒဏ်သင့် သီရိလင်္ကာနိုင်ငံသို့ ဆက်လက်ထောက်ပံ့ရန် ဂျပန်ကျွမ်းကျင်သူတောင်းဆို

**တိုကျို ဒီဇင်ဘာ ၆**

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော သီရိလင်္ကာနိုင်ငံသို့ သွားရောက်ခဲ့သည့် ဂျပန်ကျွမ်းကျင်ပညာရှင်တစ်ဦးသည် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် နိုင်ငံကို အကူအညီများ ဆက်လက်ပေးသွားရန် တောင်းဆိုခဲ့သည်။

လွန်ခဲ့သည့်လအတွင်းက သီရိလင်္ကာနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၆၀၀ ကျော် သေဆုံးခဲ့ရသည်။ ဟီရိုရှီးမားတက္ကသိုလ်မှ ပါမောက္ခ ကူဘို တက်ဆုဟီကိုသည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဆေးအဖွဲ့အတွက် ပြင်ဆင်မှုများပြုလုပ်ရန် နိုဝင်ဘာလနှောင်းပိုင်းတွင် သီရိလင်္ကာနိုင်ငံသို့ သွားရောက်ခဲ့သည်။

၎င်းသည် ဒီဇင်ဘာ ၆ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး သဘာဝဘေးအန္တရာယ်ဒဏ်ခံ သီရိလင်္ကာနိုင်ငံ၏ အခြေအနေများကို အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။ လူနေရပ်ကွက်များမှ ရေများ ပြန်ကျသွားပြီဖြစ်သော်လည်း လူများမှာ အရေပြားရောဂါခံစားနေရကြောင်း ၎င်းက ပြောသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ၎င်းတို့၏ ဆေးအဖွဲ့ဖြင့် ချီလောမြို့ရှိ လူပေါင်း ၁၂၃ ဦးကို သုံးရက်အတွင်း ကုသမှုပေးခဲ့ကြောင်း ပြောသည်။ လူနာထက်ဝက်ကျော်သည် ရေကြီးမှုကြောင့်ဖြစ်ပေါ်သည့် ဒဏ်ရာများနှင့် အရေပြားရောဂါများ ခံစားရပြီး နာတာရှည်နှင့် အခြားသောဖျားနာမှုများ ခံစားနေရသည်ဟု အေဂျင်စီက ပြောသည်။

မုန်တိုင်းဒဏ်ခံဒေသများရှိ ဆေးဘက်ဆိုင်ရာစနစ်များ ပြန်လည်ထူထောင်ရေးသည် လများစွာ သို့မဟုတ် တစ်နှစ်ထက်ပို၍ ကြာမြင့်နိုင်သည့်အတွက် အကူအညီများ ဆက်လက်ပံ့ပိုးရန်လိုအပ်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

## ကနေဒါက အကြမ်းဖက်မှုစာရင်းမှ ဆီးရီးယားကို ပယ်ဖျက်

**အော့တဝါ ဒီဇင်ဘာ ၆**

ကနေဒါနိုင်ငံသည် အကြမ်းဖက်မှုထောက်ခံသော ပြည်ပနိုင်ငံများစာရင်းမှ ဆီးရီးယားနိုင်ငံကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ ထို့အပြင် Hay'at Tahrir al-Sham (အိတ်ချ်တီအက်စ်) အဖွဲ့ကိုလည်း အကြမ်းဖက်အဖွဲ့အစည်းစာရင်းမှ ပယ်ဖျက်လိုက်ကြောင်း ကြေညာခဲ့သည်။

ကနေဒါနိုင်ငံတကာရေးရာမှ ထုတ်ပြန်သော ကြေညာချက်တွင် ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းမှာ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ အပါအဝင် မဟာမိတ်များ၏ မကြာသေးမီက ဆုံးဖြတ်ချက်များနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကနေဒါနိုင်ငံသည် ဆီးရီးယားအသွင်ကူးပြောင်းရေး အစိုးရက ၎င်း၏ နိုင်ငံသားများအတွက် တည်ငြိမ်အေးချမ်းမှု တိုးတက်စေရေး၊ ပူးပေါင်းပါဝင်ပြီး လုံခြုံမှုရှိသော အနာဂတ်ကို တည်ဆောက်ရေးအပြင် ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများကို စောင့်ကြည့်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## ဗီယက်နမ်သို့ နိုင်ငံတကာခရီးသွား ၁၉ သန်းကျော် ဝင်ရောက်

**ဟနွိုင်း ဒီဇင်ဘာ ၆**

ယခုနှစ် ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၁၉ ဒသမ ၁၅ သန်း ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်ကထက် ၂၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အမျိုးသားစာရင်းအင်းရုံးက ဒီဇင်ဘာ ၆ ရက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာသည့် နိုင်ငံတကာခရီးသွားများအနက် လေကြောင်းမှတစ်ဆင့် ရောက်ရှိလာသည့် ခရီးသွားပမာဏမှာ ၁၆ ဒသမ ၂ သန်းဖြင့် အများဆုံးဖြစ်သည်။ ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် နိုင်ငံတကာခရီးသွားများတွင် အာရှဒေသမှ အများဆုံးဖြစ်ပြီး ၁၅ သန်းကျော်ရှိသည့်အတွက် ယမန်နှစ်ကထက် ၁၉ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာသည်။ ဗီယက်နမ်ခရီးသွားလုပ်ငန်းသည် ယခုနှစ်အတွင်း နိုင်ငံသို့ နိုင်ငံတကာခရီးသွား ၂၂ သန်းမှ ၂၃ သန်းအထိ ဝင်ရောက်ရေး ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ် အေဂျင်စီက ပြောသည်။ **ဆင်ဟွာ**

# ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ ဒီဇင်ဘာ ၅ ရက်က ဒက္ခိဏသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဒက္ခိဏသီရိမြို့နယ် ဝေ့တောက်ရိုးကျေးရွာနှင့် ဆည်စု-အောင်မင်းကျေးရွာချင်းဆက်လမ်း ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က လမ်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**




မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ Times City Complex မှ တာဝန်ရှိသူများပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထပ်မြင့်အဆောက်အအုံများ၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၅ ရက်က ဆောင်ရွက်စဉ်။ စိမ်းလဲ့(ပြန်/ဆက်)

# ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များ တပ်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**လယ်ဝေး ဒီဇင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်း၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ



ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးဝင်း၊ လယ်ဝေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီအတွင်းရေးမှူးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန် နည်းပညာအထောက်အကူပြုအဖွဲ့ဝင် ၆၀ က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွက် မဲပေးစက်များအား တပ်ဆင်လုပ်ငန်းများဖြစ်သည့် အီလက် ထရောနစ် မဲပေးစက်များအား စစ်ဆေးခြင်း၊ မဲပေးစက်၏Billot Unit တွင် ပါတီ၊ တစ်သီး ပုဂ္ဂလ Logo များ တပ်ဆင်ခြင်း၊ ထိန်းချုပ်စက်အတွင်း SD ကတ်များ ထည့်သွင်းခြင်း၊ စက်များ စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးသည်။ ထို့နောက် မဲပေးစက်များ ထားရှိသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကန့်ဘလူမြို့နယ်အတွင်း မဲစာရင်းမှန်ကန်ပြည့်စုံစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၆ ရက်မှ စတင်ကာ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် ရပ်ကွက်နှင့် ကျေးရွာများ၌ မဲစာရင်းများကို ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးဆောင်ရွက်စဉ်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# မုဒုံမြို့၌ မိမိဘဝတိုးတက်ဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

**မုဒုံ ဒီဇင်ဘာ ၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာ ၅ ရက်က မိမိဘဝတိုးတက်ဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ကျင်းပသည်။



ဦးစွာ မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ လူငယ်စကားဝိုင်းတွင် မုဒုံမြို့ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများက မိမိဘဝတိုးတက်ဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေး၍ တက်ရောက် လာကြသူများက လူငယ်စကားဝိုင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးပြီး တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပိတောက်ပင်ကျေးရွာ ရွှေပိတောက် လယ်/ထွေ သမဝါယမအသင်းနှင့် မကျီးတန်းကျေးရွာ စိုပြေ လယ်/ထွေသမဝါယမအသင်းသားများ စိုက်ပျိုးထားသော အောင်နိုင်တိုးမိုးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ဒီဇင်ဘာ ၃ ရက်က ပျော်ဘွယ်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ ကွင်းဆင်းကြည့်ရှုအားပေးကြစဉ်။ မောင်မွှေး



# မိုးစပါးရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှုအားပေး

**ရမည်းသင်း ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဦးစီးမှူးများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က ရမည်းသင်းမြို့နယ် ဇီးဖြူကန်ကျေးရွာရှိ သက်တံရောင်စီမံကိန်းဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကောင်းထက်စံစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းရှိ အသင်းသားများ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ **ဘုန်းမြတ်**



မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်ပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးနှင့် သားသတ်ဌာနမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အဖွဲ့ ဒီဇင်ဘာ ၃ ရက်က မန္တလေးမြို့ ရတနာပုံဈေးနှင့် ဒိုင်းမွန်းပလာဇာဈေးတို့တွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

မောင်ကျော်ကြီး

# ဒဂုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ဒဂုံ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ ဒီဇင်ဘာ ၃ ရက်က အလုံလမ်းရှိ My Garden စားသောက်ဆိုင်တွင် အခွန်ဆိုင်ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးငြိမ်းချမ်းဗိုလ်က အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်



ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )

သန်လျင်ခရိုင်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂၉

ကွယ်လွန်သူ ဦးညကာ(ခ)ဦးညာဏ၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဦးပန်ချီ လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထန်းပင်ဆိပ်(၇)နယ်မြေနေဦးပန်ချီ က ကွယ်လွန်သူ ဦးညကာ(ခ) ဦးညာဏ၏သားဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထန်းပင်ဆိပ်(၇)နယ်မြေနေ ကွယ်လွန်သူ ဦးညကာ(ခ) ဦးညာဏ၏ ကျန်ရစ်သောပစ္စည်းများထဲမှရရန်၊ ပေးရန်ရှိသော ကြွေးမြီများကို ကောက်ခံ၊ ပေးဆပ်ရန်အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထား သည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးညကာ(ခ) ဦးညာဏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်၊ ပေးရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လကွယ် ၁၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးပန်ချီ၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောမြတ်နွယ်)

တွဲဖက်ခရိုင်တရားသူကြီး(၁)

သန်လျင်ခရိုင်တရားရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော CT Scannerများအား ဝယ်ယူရန် တင်ဒါအမှတ်- 16DMS/ 2025-2026 (L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော် သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၂၅ရက်၊ သောကြာနေ့

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** - ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၈-၁၂-၂၀၂၅ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇- ၃၄၁၁၆၃၄၊ ၀၆၇-၃၄၁၁၆၃၅

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဆွာလမ်းဆုံနှင့် မြို့မဈေးကြား၊ ယခင် ဘူးကွဲရွာဟောင်း၊ (၃၁)ဧက အကျယ်မြေနေရာတွင် သုခတော်ဝင်အိမ်ရာအပိုင်း(၂) ဆောက်လုပ်ခြင်း လုပ်ငန်းများမှ 4U4S (3 Bed) သံကူကွန်ကရစ်အဆောက်အအုံ (၁၂)လုံး၊ (1092 Sqft)၊ အိမ်ခန်း (၁၉၂)ခန်း ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အောက်ပါ Lot များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot နံပါတ် | အဆောက်အအုံ အမျိုးအစား | အဆောက်အအုံ အမှတ် | အရေအတွက် |
|---|---|---|---|---|
| (က) | Lot 1 | 4U4S (3 Bed) | 2A-1, 2A-2 | (၂) လုံး |
| (ခ) | Lot 2 | 4U4S (3 Bed) | 2A-3, 2A-6 | (၂) လုံး |
| (ဂ) | Lot 3 | 4U4S (3 Bed) | 2A-4, 2A-5 | (၂) လုံး |
| (ဃ) | Lot 4 | 4U4S (3 Bed) | 2A-7, 2A-8 | (၂) လုံး |
| (င) | Lot 5 | 4U4S (3 Bed) | 2A-9, 2A-10 | (၂) လုံး |
| (စ) | Lot 6 | 4U4S (3 Bed) | 2A-12, 2A-13 | (၂) လုံး |

၂။ တင်ဒါပုံစံ ဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၈ - ၁၂ -၂၀၂၅ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၆ - ၁၂ -၂၀၂၅ ရက်၊ (၁၆:၀၀) နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအားသိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

(က) **စုံစမ်းရန် နေရာ/ ဌာန/ ဆက်သွယ်ရန်ဖုန်း** - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၆၇-၈၁၀၈၂၁၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/6471, HINO DUTRO XZU508, LIGHT TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီရင်ချူ(ခ)မိုးမိုးအေး ၁၃/လရန(နိုင်)၀၉၇၇၉၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်) မူဆယ်မြို့**

## လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း

ဘားအံမြို့နေ ၁၂/ကမရ(နိုင်) ၀၅၄၇၇၀ ကိုင်ဆောင်သူ ဒေါ်ဆွေဆွေအောင်၏မိခင် ဒေါ်အပွားလေးနှင့် ဒေါ်အပွားဟူ၍ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၂၅ ရက်နေ့ စာ -၂၇ ပါ 39W/19402 ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) အစား ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝ မြို့နယ် အမှတ်(၃)ကျောင်းကြီး ရပ်ကွက်နေ (ဘ)ဦးသန်းငွေ၏သား ဦးညွန့်ဝင်း ၇/ကဝန(နိုင်) ၀၄၅၂၂၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၆-၁၉၆၈ ဖြစ်ပါကြောင်း။

**ဦးညွန့်ဝင်း ၁၈-၆-၁၉၆၈**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(ခွဲ)တောစိမ့် Grade-10 (STAMS-1)မှ မောင်ထက်စိုးလင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဝင်းမင်းစိုး ၈/စလန(နိုင်) ၁၈၅၀၃၇ ဖြစ်ပါကြောင်း။

**ဦးဝင်းမင်းစိုး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၂၃)ရပ်ကွက်၊ မီးသတ်(၄)လမ်း၊ အမှတ် (၄၅၉)၊ အကျယ်အဝန်းရေိယာ(ပေ၄၀ x ပေ ၆၀)ရှိ ပါမစ်မူရင်းမြေကွက်သည် ရန်ကုန်တိုင်းဒေသကြီး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးထွန်းအေးအမည်ပေါက်ဖြင့် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(ပေ ၂၀ x ပေ ၆၀)မြေကွက်မှာ ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးတင်ဒွေးလှိုင်(၁၂/အစန(နိုင်)၂၂၂၆၉၄)မှ ၎င်းမြေကွက်အား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမင်းမင်းထွန်း(၁၁/မပတ(နိုင်)၀၄၇၇၃၃)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို(၅-၁၂-၂၀၂၅)ရက်၌ စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ခင်နွယ်(LL.B.DBL)** အထက်တန်းရှေ့နေ (စဉ်-၅၁၆၇၆)

**ဒေါ်ငြိမ်းငြိမ်းဦး (LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၃၉၁၆)

အမှတ်(၂၁၀)၊ အောင်မေတ္တာ (၄)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၂၅၁၃၃၉၅၆၇၊ ၀၉-၈၈၆၄၁၆၅၆၀

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက် အမှတ်(၉၁၂)၊ သုမိတ္တာ (၂၃)လမ်းရှိ အကျယ်အဝန်း (အလျား ၂၅ ပေ x အနံ ၅၀ ပေ)၊ မြေရှင် ဦးကံညွန့်-ဒေါ်ကျင်မြင့်တို့၏ တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တင်တင်ရီ (၁၂/ဥကမ(နိုင်)၀၇၅၆၁၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေ နှင့် ကန်ထရိုက်တာ ၁။ ဦးဇော်မင်းထိုက် (၁၂/လသယ(ပြု)၀၀၀၀၃၂) ၂။ ဦးမြင့်ပါး(ခ)သန်းဇော် (၁၂/လသယ(ပြု)၀၀၀၇၅၄) Apple Home Construction Group of Companies Limited တို့သည် (၂၃-၁-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ အခန်းပေး၊ အခန်းယူစနစ်ဖြင့် အကျယ်အဝန်း (၂၅ပေx၅၀ပေ)ပေါ်ရှိ မြေကွက်ပေါ် တွင် စတုရန်းပေ(၁၁ ½ x ၄၈)ပေရှိ (၆)ထပ်တိုက်(၂)ခန်းတွဲအဆောက်အအုံအား ဆောက်လုပ်ရန် သဘောတူညီခဲ့ကြပြီး အဆိုပါအဆောက်အအုံတွင် တရားဝင်ရောင်းချသည့်အခန်းမှာ ကန်ထရိုက်တာများဘက်မှ ရရှိသောအခန်းဖြစ်ပါသည်။ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(၁)၊ မြေကွက်အမှတ်(၉၁၂)မြေပေါ်ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အအုံ၏ ပဉ္စမထပ်(၆)လွှာ အကျယ်အဝန်း( ၁၁ ½ x ၄၈ ) ပေရှိ တိုက်ခန်းဥပစာကို (၃-၁၂-၂၀၂၅)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ကြည်ကြည်နိုင် LL.Bတရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၂ / ၂၀၁၉)**

**တိုက်အမှတ် - ၉၂၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း - ၀၉-၇၉၆၃၁၅၅၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရေတာရှည်ရွာ၊ ကျောင်းလမ်း၊ ဝါးနက်ချောင်းအုပ်စု၊ ကွင်းအမည်-မှော်ဘီစခန်းကွင်း၊ ဦးပိုင်အမှတ် ၆၀၇၊ ဦးထင်အောင်အမည်ပေါက် အကျယ်အဝန်း(၄၄x၅၅)ပေရှိ မြေကွက်နှင့် အဆောက်အအုံအား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်တင်နီလာဌေး ၁၂/မရက(နိုင်)၁၃၇၄၆၅ထံမှ ကျွန်ုပ် ဒေါ်စပယ်ဖြူဖြူဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စပယ်ဖြူဖြူဦး**

**A-1, အခန်း ၃၈၊ ယမုံနာရိပ်မွန်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၉၅၁၉၂၆၀၈၊ ၀၉- ၇၈၃၈၃၆၃၆၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၂၈၀) မြင်တော်သာလမ်း၊ (၃/မာန်ပြေ)ရပ်ကွက်၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးတင်စိုးဝင်း(၁၃/တကန(နိုင်)၀၉၉၃၈၈)ထံမှ ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးကို ကျွန်တော် ဦးမဟေရွှဲပရာဆတ်တေဝါရီ(၁၂/ကတတ(ဧည့်)၀၀၁၀၄၆)မှဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်တော်၏အမည်သို့ ပိုင်ဆိုင်မှုပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ**

**ဦးမဟေရွှဲပရာ ဆတ်တေဝါရီ**

**၁၂/ကတတ(ဧည့်)၀၀၁၀၄၆**

**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ရွှေကုက္ကို)၊ Grade(6)မှ မယွန်းမြတ်တွယ်တာ (ကျောင်းဝင်အမှတ်- ၀၆၀၉)၏ မိဘအမည်မှန်မှာ ဦးတိုးဝေလွင်နှင့် ဒေါ်ခင်ချိုစမ်း ဖြစ်ပါကြောင်း။

**ဦးတိုးဝေလွင်နှင့်**

**ဒေါ်ခင်ချိုစမ်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/8931၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၄/ A)၊ သစ်ဆိပ်ကုန်းရပ်ကွက်၊ ယမုံနာလမ်း၊ မြေကွက်အမှတ် (၂/ဃ)၊ အကျယ်အဝန်း (၁.၀၅၈) ဧကရှိ ဒေါ်ကြည်ကြည်ဝင်း (၉/ခအစ (နိုင်) ၀၀၅၁၆၉) အမည်ပေါက် G၊ ၃(က)ရပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်ကြည်ဝင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/46788, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၁၄/မအန(နိုင်)၁၉၂၈၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (13-F2) ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်(Southern Potion of II-20)၊ လူနေရပ်ကွက်အမှတ်(၂၅၃/၂၅၅/၂၅၇)၊ အကျယ်အဝန်း(၅၃.၉x၆၀)ပေရှိ မြေပိုင်မြေအမျိုးအစားမြေကွက်အား အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော (၁) ဒေါ်ခင်မေရီ (၁၂/ကတတ (နိုင်)၀၁၂၆၈၅)၊(၂)ဦးသိန်းမြင့်(၁၂/ကတတ(နိုင်)၀၁၂၆၈၆)၊ (၃)ဒေါ်တင်တင်ဝင်း(၁၂/ကတတ(နိုင်)၀၁၂၆၈၇)၊ (၄)ဦးခင်မောင်ဦး(၁၂/ကတတ(နိုင်)၀၁၂၆၈၈)၊ (၅)ဦးအောင်ကျော်နိုင် (၁၂/ကတတ(နိုင်)၀၂၇၄၆၈)၊ (၆)ဒေါ်ကြည်ကြည်စိန် (၁၂/ကတတ(နိုင်)၀၁၂၂၃၁)၊ (၇)ဦးသိန်းထွန်း(၁၂/ကတတ(နိုင်)၀၂၁၉၃၆)၊ (၈)ဦးသန်းထွန်း (၁၂/ကတတ(နိုင်)၀၁၂၂၁၆)၊ (၉)ဦးဇော်ဝင်း(၁၂/ကတတ (နိုင်)၀၁၂၂၁၄)၊ (၁၀)ဒေါ်မေဝင်းရီ (၁၂/ကတတ(နိုင်)၀၁၂၂၁၅)၊ (၁၁)ဒေါ်ရီရီထွေး (၁၂/ကတတ(နိုင်)၀၁၂၂၆၅)တို့ထံမှ ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးကို ကျွန်တော် (၁) ဦးဒေ့ဗ်ရာဂျ်တေဝါရီ(၁၂/ကတတ(နိုင်)၀၂၅၆၁၅)၊ (၂) ဦးဒီပက်အက်စ်တေဝါရီ(၁၂/ကတတ(ဧည့်)၀၀၁၀၂၉)တို့မှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အား ကျွန်တော်တို့၏အမည်သို့ ပိုင်ဆိုင်မှုပြောင်းလဲမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်တော်တို့(၂)ဦးထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူများ**

**ဦးဒေ့ဗ်ရာဂျ်တေဝါရီ ၁၂/ကတတ(နိုင်)၀၂၅၆၁၅**

**ဦးဒီပက်အက်စ်တေဝါရီ ၁၂/ကတတ(ဧည့်)၀၀၁၀၂၉**

**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ အကွက်အမည်(ဝက်လည်ရွဲရပ်) ဦးပိုင်အမှတ်(၃၅ᵃ)၊ မြေကွက်အမှတ်၊ ဧရိယာ(၀.၁၃၃) ဧကကို ဘိုးဘပိုင်အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်နေ ဒေါ်မိုးမိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**

**ရွှေဘိုမြို့နယ်**

**မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ရန်နိုင်ရပ်)၊ ဦးပိုင်အမှတ်(၄၂-ဃ)၊ မြေဧရိယာ(၀.၂၆၅)ဧကရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (လယ်ဝေးမြို့နယ်) အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ယဉ်ငြိမ်းအေး(အတွင်းရေးမှူး)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်သည် ခြစား၍ပျက်စီးသွားပါသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/06827, TVS NEO-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ထွေး ၁၄/ပသရ(နိုင်)၀၉၁၂၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5257, Toyota Celsior UCF 30, Saloon(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်ဇော် ၁၂/ဒဂန(နိုင်)၀၃၄၉၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/1546 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၂၇၆၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၄၀၇၉, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှ ၆/မမန(နိုင်)၂၄၆၆၉၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/39695, Honda Click-160 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ဦး ၂/လကန(နိုင်)၀၄၅၇၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၈/ရွာသစ်)၊ ဦးပိုင်အမှတ် (၁၂-ဆ၊ ၁၃-ဃ)၊ ဧရိယာ(၀.၉၁)ဧကရှိ မြေအား ဦးကျော်ကျော်စိန် အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်(၃.BN)၊ အကွက်အမည် ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ (၀.၅၄၈)ဧကအနက်မှ ဧရိယာ ဝဒသမ ၀၅၅ရှိ ဘိုးဘပိုင်မြေ အမည်ပြောင်းပေးရန် ဦးမျိုးဇော်ပါ (၂)ဦးတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊**
**မြိတ်မြို့**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁+၇+၈ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၆၅၀-က)၊ ဧရိယာ(၀.၀၃၄)ဧကသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၁၇-၇-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၄/၆-၄(၀၀၈)/ ဦး၆(အထဥ)ဖြင့် ဒေါ်တီလာ ၉/မကန(နိုင်)၁၀၉၀၅၃ မှ ဦးပိုင်ခွဲစိတ်ခွင့်ရရှိပြီးဖြစ်၍ ဒေါ်တီလာအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်အရမြေငှားဂရန်အသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ(၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ယခင်ဦးပိုင်ခွဲစိတ်ခွင့်ပြုမိန့်အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်တီလာအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်အရ မြေငှားဂရန်အသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ် (ရောထွန်း ၁/စ)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ (၀.၀၆၈၉)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်ဖြူဖြူခင် ပိုင်ဆိုင်သော ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ တစ်ဝက် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်လင်းသန့် ( PGDL ) စဉ်-(၅၅၂၃၂)၊ အထက်တန်းရှေ့နေ**
**ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်၊ အကွက်(၂၅၇)၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၇၈၉၄၀၂၂၂၈**

## လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်တော် ဦးကျော်သူရ (ဘ) ဦးကျော်မြင့်ထွန်း၊ အသက်(၅၃)နှစ်၊ ၁၄/ဘကလ(နိုင်)၁၄၂၂၃၆၊ ဗမာ၊ ခရစ်ယာန်၊ ကမ်းနားလမ်း၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်သူနှင့် ဒေါ်သွယ်သွယ်ခိုင်(ဘ)ဦးဆဲဆူး(ခ) မိုးဇက်၊ အသက်(၃၈)နှစ်၊ ၁၂/သကတ(ပြု)၀၀၀၆၆၅၊ ဗမာ/ခရစ်ယာန်၊ အမှတ်(၂၂၈/အေ)၊ ၁၂လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူတို့သည် (၂၀၀၈)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။

ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုင်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းလိုစိတ် မရှိတော့သဖြင့် နှစ်ဦးသဘောတူညီစွာ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အသိသက်သေလူကြီးများရှေ့မှောက်တွင် (၁၅-၁၁-၂၀၂၅)ရက်၌ ကွာရှင်းပြတ်စဲခြင်းစာချုပ်နှင့် နှစ်ဦးပိုင်ပစ္စည်းခွဲဝေခြင်းကတိစာချုပ်တို့အား ချုပ်ဆို၍ လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူရ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လတ်လတ်မာ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၄၅/၁၆)**
**အမှတ်-၂၄ (B-3)၊ ဦးအောင်ဘွင့်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၂၅၃၆၆၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ ၊ အမှတ်(၃) ရပ်ကွက်၊ အကွက်အမှတ် (E - ကုလားကုန်း) ၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မင်းဘူးမြို့၊ အမှတ်(၃) ရပ်ကွက်နေ ဒေါ်ဥမ္မာမြင့် အမည်ဖြင့် (၂၀-၁၀-၁၉၉၁ မှ ၁၉-၁၀-၂၀၂၁ ထိ)နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ရာ မြေငှားဂရန်မှာ ပျောက်ဆုံးသွားခဲ့ပါသည်။

၂။ ယခုအခါ မြေငှားဂရန်မှာ သက်တမ်းကုန်ဆုံးပြီဖြစ်သဖြင့် မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်ဥမ္မာမြင့်မှ မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒေါ်ဥမ္မာမြင့်**
**၈/မဘန(နိုင်)၀၂၁၅၁၀**
**အမှတ်(၃)ရပ်ကွက် ၊ မင်းဘူးမြို့၊ ဖုန်း- ၀၉-၇၇၁၂၄၄ ၅၀၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နေ ဦးမြင့်စိုး ၆/သရခ(နိုင်)၀၁၂၆၇၄နှင့် ဒေါ်မြစိန် ၆/သရခ(နိုင်)၀၂၃၅၉၄ တို့၏သမီး မချောစုဖြိုး ၁၂/ဒလန(နိုင်)၀၅၃၄၆၅သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်၍ ငွေကြေးကိစ္စ၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စရပ်ကိုမျှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်စိုး-ဒေါ်မြစိန်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် -၉၉

| | | |
|---|---|---|
| PRIME MMAGRO AND LIVESTOCK COMPANY LIMITED (ကုမ္ပဏီ၏အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူဒေါ်ခင်နွယ်ဝင်း၊ ရှမ်းပြည်နယ်တာဝန်ခံမန်နေဂျာ) | နှင့် | ၁။ ဒေါ်မြသင်းသင်း<br>၂။ ဒေါ်မျိုးမျိုးသိန်း |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ မင်္ဂလာလမ်းသွယ်၊ အမှတ်(မ/၂၉)နေ ဒေါ်မြသင်းသင်းနှင့် ဒေါ်မျိုးမျိုးသိန်း(ယခုနေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

